# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့။ Thursday, 5 October 2023 ၁၁၂၃၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍တရား ဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွား မြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဆရာကောင်းတို့ရှိမှသာ တိုင်းပြည်၏အနာဂတ်ကို ပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်တို့ ပညာပြည့်ဝနိုင်ကြမည် ...

## ဆရာကောင်းတို့ရှိမှသာ တိုင်းပြည်၏အနာဂတ်ကို ပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်တို့ ပညာပြည့်ဝနှလုံးလှကြကာ နိုင်ငံနှင့်လူမျိုးအကျိုးကို အားကြိုးမာန်တက် ထမ်းရွက်နိုင်ကြပြီး နိုင်ငံ၏အလှ၊ နိုင်ငံ၏ဂုဏ်ကို ဖော်ဆောင်နိုင်ကြမည်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့)

**ချစ်ခင်လေးစားအပ်ပါသော ဆရာ၊ ဆရာမများခင်ဗျား**

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့မင်္ဂလာအခါသမယတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆရာ၊ ဆရာမများအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်း မေတ္တာပို့သအပ်ပါသည်။

ယနေ့ အောက်တိုဘာလ ၅ ရက်နေ့သည် ကမ္ဘာတစ်ဝန်းလုံးမှ ဆရာများ၏ မြင့်မြတ်သောဂုဏ်ကို ချီးကျူးဂုဏ်ပြုသည့် ကျက်သရေ မင်္ဂလာရှိလှသော ကမ္ဘာ့ဆရာများနေ့ ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်(ILO)နှင့် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့( UNESCO ) တို့က ဆရာများ၏ အဆင့်အတန်းနှင့် ပတ်သက်သည့် ထောက်ခံချက်ကို လက်မှတ်ရေးထိုးခဲ့သော ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့ကို အစွဲပြုလျက် ၁၉၉၄ ခုနှစ်မှ စတင်ကာ နှစ်စဉ်အောက်တိုဘာလ ၅ ရက်နေ့တွင် ကမ္ဘာ့ဆရာများနေ့


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်

**နေပြည်တော် အောက်တိုဘာ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ်၌ ပြုလုပ်သည့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) စစ်လက်ရုံး ရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်သည်။


စာမျက်နှာ ၄ ကော်လံ ၁ သို့ ❋




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်စဉ်။




ကြေးမုံ

# နိုင်ငံတော်နှင့် ပြည်သူ လက်တွဲကြိုးပမ်း

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်အတွက်လည်း အဓိကတာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားရာ ယင်းအပေါ်တွင်မူတည်၍ နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ထမ်းဆောင်လျက်ရှိသည်။

လူ့အဖွဲ့အစည်းတစ်ရပ်တွင် တိုင်းပြည်တည်းဟူသော ပထဝီနယ်မြေဒေသနှင့် နိုင်ငံတော်အာဏာတည်းဟူသော အချုပ်အခြာအာဏာရပ်တို့ ပေါင်းစပ်ဖွဲ့စည်းထားသည်။ နိုင်ငံတော်အာဏာသည် လူ့အဖွဲ့အစည်းတစ်ခု၏ မိမိကံကြမ္မာကို မိမိဖန်တီးနိုင်အပ်သော နိုင်ငံတော်အာဏာဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အာဏာကို ပြည်သူများက ပေးအပ်သောဆန္ဒနှင့်အညီ တာဝန်ယူဆောင်ရွက်နိုင်ရန် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာအောင် ဆောင်ရွက်ပေးရန်လိုအပ်သည်။

မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကို စစ်မှန်ခိုင်မာစွာဖြင့် သက်တမ်းနှစ်ဆက်ပြုလုပ်ခဲ့ပြီး တတိယသက်တမ်းအတွက် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကျင်းပရာတွင် မဲမသမာမှုများပြုလုပ်ပြီး နိုင်ငံတော်အာဏာသုံးရပ်ကို အဓမ္မရယူရန် ကြိုးပမ်းမှုဖြစ်ပေါ်ခဲ့သည်။ အဆိုပါပြဿနာရပ်များကို ဖြေရှင်းပေးရန် တပ်မတော်က အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း ထိုစဉ်က နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ မသိကျိုးကျွန်ပြုမှု၊ ပြဿနာဖြေရှင်းပေးရန် ရှောင်လွှဲမှုများကြောင့် တပ်မတော်က နိုင်ငံတော်၏တာဝန်ရယူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီပေါ်ပေါက်လာခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ္တထိန်းသိမ်းဆောင်ရွက်ရာတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့အထိ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၁၂) ရပ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပြီး ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစ၍ နိုင်ငံတော်၏ ပြောင်းလဲဖြစ်ပေါ်လာသော အခြေအနေများအရ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉) ရပ်ကို ပြောင်းလဲချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ယခင်ရှေ့လုပ်ငန်းစဉ်များတွင် မဲမသမာမှုဆိုင်ရာ၊ ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးကို ပြန်လည်တည့်မတ်ရန်တို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ယနေ့အချိန်အခါတွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စများကို ဆောင်ရွက်ရန်၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးဆောင်ရွက်ရန်၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဆောင်ရွက်ရန်အချက်တို့ကို ရှေ့လုပ်ငန်းစဉ်နှင့်ဦးတည်ချက်တွင် ပြင်ဆင်ဆောင်ရွက်နေသည်ကို တွေ့ရသည်။ နိုင်ငံရေးရည်မှန်းချက်(၂)ရပ်နှင့် အမျိုးသားရေးရည်မှန်းချက် (၂) ရပ်ကိုပါ တွဲဖက်ဆောင်ရွက်လျက်ရှိသည်။

ပါတီစုံဒီမိုကရေစီစနစ်သည် ပြည်သူများ၏ဆန္ဒအရ ရွေးချယ်ထားသောစနစ်ဖြစ်ပြီး အစိုးရသက်တမ်း နှစ်ဆက်တိုင်ကျင့်သုံးခဲ့ပြီးဖြစ်၍ အဆိုပါလမ်းကြောင်းပေါ်တွင် စစ်မှန်သောပြည်သူများ၏ဆန္ဒကို အကောင်အထည်ပေါ်လာအောင် မျက်ခြည်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဒီမိုကရေစီစနစ်သည် အများပြည်သူဆန္ဒဖြစ်သည်နှင့်အညီ စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်အကောင်အထည်ဖော်ရေးသာမက အများပြည်သူအကျိုးစီးပွားကို အကောင်အထည်ဖော်ပေးနိုင်ရန်အတွက် ငြိမ်းချမ်းရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ကဏ္ဍပေါင်းစုံတို့တွင် တိုးတက်ကောင်းမွန်သည့်ရလဒ်များပေါ်ထွက်လာရန် ဆောင်ရွက်နေသည်။

မျက်မှောက်ကာလ၌ ကမ္ဘာပေါ်ရှိနိုင်ငံများတွင် ဖြစ်ပေါ်နေသည့် နိုင်ငံရေး၊ စီးပွားရေးအကျပ်အတည်းများ၊ ပဋိပက္ခများကြားတွင် နိုင်ငံရေးအရထိခိုက်မှု၊ စီးပွားရေးအရထိခိုက်မှုများကို အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံလည်း ထိခိုက်ခံစားနေရသည်။ အထူးသဖြင့် အနောက်နိုင်ငံကြီးများ၏ မြန်မာနိုင်ငံအပေါ် ဖိအားပေး စွက်ဖက်နှောင့်ယှက်မှုများ အစဉ်တစိုက်ကြုံတွေ့နေရသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် မိတ်ဝတ်မပျက်ဆက်ဆံလျက်ရှိပြီး မိတ်ဆွေနိုင်ငံများနှင့်လက်တွဲပူးပေါင်း၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်သူများ၏ဆန္ဒကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များနှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာတွင် နိုင်ငံရေး၊ စီးပွားရေးအရ မြန်မာနိုင်ငံအပေါ် ဖိအားပေးပိတ်ဆို့မှုများရှိနေသော်လည်း စည်းလုံးညီညာအောင်ကြောင်းဖြာဆိုသကဲ့သို့ နိုင်ငံသူ နိုင်ငံသားအားလုံး နိုင်ငံတော်အစိုးရနှင့်အတူ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လက်တွဲကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## သီပေါမြို့၌ တီရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး ဆင့်ပွားသင်တန်းဖွင့်ပွဲ ပြုလုပ်

သီပေါ အောက်တိုဘာ ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ဦးစွာ ကျောက်မဲခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာအောင်ဖြူဦးက Commcare application ကို အသုံးပြုကာ Mobile Phone တွင် မှန်ကန်စွာ ထည့်သွင်းအသုံးပြု၍ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းနှင့် စာရင်းရေးသွင်းရာတွင် မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်စသည့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းကို စာတွေ့၊ လက်တွေ့ပို့ချခဲ့ကြောင်း၊ ရွာသစ်ကျေးရွာအုပ်စု နားမုံကျေးရွာရှိ အိမ်ခြေ ၁၀၀၊ အိမ်ထောင်စု ၁၂၅ စုကို လက်တွေ့စာရင်းကောက်ယူခြင်းများ ဆောင်ရွက်ကြသည်။ သင်တန်းသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ စုစုပေါင်း သင်တန်းသား ၂၀၀ တက်ရောက်ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို စာတွေ့၊ လက်တွေ့ တစ်ရက်တာဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

၂၁၀

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၄ - ၁၀ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၉,၀၀၀ | ၁,၁၉၈ | ၁၀,၆၆၂,၅၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၅၀ | ၃,၁၇၈ | ၉,၅၃၄,၁၅၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၀ | ၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၁,၀၃၉ | ၁,၇၆၆,၃၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၂၅၉ | ၆၂၁,၆၀၀ |
| EFR | ၂,၂၀၀ | ၂,၁၅၀ | ၁,၁၃၈ | ၂,၄၁၆,၀၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၁,၀၀၀ | ၅,၀၀၀,၀၀၀ |
| MAEX | ၁,၈၀၀ | ၁,၈၀၀ | ၂,၈၂၄ | ၅,၀၈၃,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအောဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဆရာများသည် မိမိတို့၏တပည့်များကို ပူးပေါင်းဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများ ပျိုးထောင်ကာ ဆန်းစစ်ဝေဖန်တတ်စေရန်၊ ပြဿနာဖြေရှင်းတတ်စေရန်၊ စဉ်းစားတွေးခေါ်တတ်စေရန်၊ တီထွင်ဖန်တီးတတ်စေရန် လေ့ကျင့်ပေးကြရသည့်အပြင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ကိန်းအောင်းလာစေရန် ပြုစုပျိုးထောင်ပေး

❖ **ဆရာကောင်းတို့မှ**

အခမ်းအနားကို ကမ္ဘာအနှံ့ကျင်းပခဲ့ကြသည်မှာ ယခုအခါ နှစ်(၃၀) ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို ပညာရေးဝန်ကြီးဌာနက ကြီးမှူး၍ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်တွင် ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ နိုင်ငံတော်အဆင့် စတင်ကျင်းပခဲ့ရာ ယခုအခါတွင် ၂၂ နှစ် တိုင်ခဲ့ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဆရာ့ကျေးဇူးကို အထူးသိမြင်ပြီး ပူဇော်ဦးခိုက်ကြသည့် ထုံးတမ်းစဉ်လာမှာ ရှေးနှစ်ပေါင်းများစွာကတည်းကပင် တည်ရှိခဲ့ပြီး ယနေ့ထက်တိုင်လည်း တည်တံ့ခိုင်မြဲလျက်ရှိပါသည်။ မြန်မာတို့သည် ပညာကို အထူးလိုလားသော ဓလေ့စရိုက်စွဲမြဲသည့်အပြင် ကျေးဇူးတရားကို ဦးထိပ်ပန်ဆင်လျက် ကျေးဇူးအထူးသိတတ်၊ တုံ့ပြန်ပေးဆပ်တတ်သူများဖြစ်သည့်အားလျော်စွာ ဆရာများကို အနန္တော အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဟု သတ်မှတ်ပြီး ရိုသေလေးစားခဲ့ကြသည်မှာ နှစ်ကာလများစွာ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။

အနန္တဂိုဏ်းဝင်ကျေးဇူးရှင်များဖြစ်ကြသည့် ဆရာ၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် **“သွန်သင်ဆုံးမနည်းလမ်းပြသော ပုဂ္ဂိုလ်၊ ပညာပို့ချသင်ကြားပေးသူ”**ဟု ဖွင့်ဆိုထားပါသည်။ မြန်မာမှုနယ်ပယ်တွင် သင်ဆရာ (မုတာစရိယ)၊ မြင်ဆရာ(ဒိဋ္ဌာစရိယ)နှင့် ကြားဆရာ(သုတာစရိယ) ဟူ၍ သုံးမျိုးရှိပါသည်။ ဆရာများသည် တပည့်တို့အား ကျောသားရင်သားမခွဲခြားဘဲ သားသမီးအရင်းကဲ့သို့ သဘောထားကာ အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်၊ အသိအလိမ္မာနှင့် စိတ်ဓာတ်ရေးရာမြင့်မားအောင် သင်ကြားညွှန်ပြပေးကြပါသည်။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ စေတနာအရင်းခံ၍ တပည့်များကို **“အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ”**ဆိုသည့် ဆရာ့ဝတ္တရားများနှင့်အညီ ကျင့်ကြံကြကုန်သော ဆရာတို့၏ဂုဏ်ရည်မှာ ချီးကျူးစာဖွဲ့၍ မကုန်နိုင်အောင် ကြီးမားလှပါသည်။ ဆရာများက ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ အသိပညာ၊ အတတ်ပညာများကို အမှန်တကယ်တတ်မြောက်အောင် သင်ကြားပေးကြမှသာ

> ❖ **တပည့်များ၏ ပညာအရည်အသွေးမြင့်မားစေရန် ဆရာ့အရည်အသွေးလည်း မြင့်မားနေရမည်ဖြစ်ရာ ဆရာများသည် အမြဲလေ့လာနေကြရပါမည်။ ဆန်းသစ်သည့်အယူအဆ၊ အတွေးအခေါ်များနှင့် ရှင်သန်နေကြရမည်ဖြစ်ပါသည်။ ဆရာကောင်းတစ်ယောက်၏ ပညာအရည်အချင်းနှင့် စေတနာ၊ ဝါသနာ၊ အနစ်နာဟူသော စိတ်စေတနာတို့အပေါ်တွင် တပည့်များ၏ ဘဝများအကောင်းအဆိုးသည် တည်မှီနေ**

လူ့ဘဝခရီးတွင် ကြုံတွေ့လာနိုင်သည့်အခက်အခဲများ၊ ပြဿနာများကို ဖြေရှင်းကျော်လွှားကာ လုပ်ငန်းအောင်မြင်မှုများကို ဆောင်ကြဉ်းနိုင်မည်ဖြစ်ပါသည်။

တပည့်များ၏ ပညာအရည်အသွေးမြင့်မားစေရန် ဆရာ့အရည်အသွေးလည်း မြင့်မားနေရမည်ဖြစ်ရာ ဆရာများသည် အမြဲလေ့လာနေကြရပါမည်။ ဆန်းသစ်သည့်အယူအဆ၊ အတွေးအခေါ်များနှင့် ရှင်သန်နေကြရမည်ဖြစ်ပါသည်။ ဆရာကောင်းတစ်ယောက်၏ ပညာအရည်အချင်းနှင့် စေတနာ၊ ဝါသနာ၊ အနစ်နာဟူသော စိတ်စေတနာတို့အပေါ်တွင် တပည့်များ၏ ဘဝများအကောင်းအဆိုးသည် တည်မှီနေပါသည်။

ဆရာကောင်းတို့ရှိမှသာ တိုင်းပြည်၏အနာဂတ်ကို ပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်တို့ ပညာပြည့်ဝနှလုံးလှကြကာ နိုင်ငံနှင့် လူမျိုးအကျိုးကို အားကြိုးမာန်တက် ထမ်းရွက်နိုင်ကြပြီး နိုင်ငံ၏အလှ၊ နိုင်ငံ၏ဂုဏ်ကို ဖော်ဆောင်နိုင်ကြမည်ဖြစ်ပါသည်။ ဆရာ ဆရာမများအနေဖြင့် တပည့်များကို ကောင်းစွာ ပြုစုပျိုးထောင်နိုင်ကြပြီး မိမိထက်တော်သည့်၊ တတ်သည့်တပည့်များကို မွေးထုတ်ပေးနိုင်ကြမှသာ ၎င်းတို့အပါအဝင် တိုင်းပြည်နှင့် လူမျိုးတို့၏အနာဂတ် ပို၍လှပမည်ဖြစ်ပါသည်။

ယနေ့ခေတ် ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပညာရေးဖွံ့ဖြိုးမှုအပေါ်တွင် တည်မှီလျက်ရှိသည်ဆိုသည့်အချက်ကို အားလုံးအသိပင်ဖြစ်ပါသည်။ နိုင်ငံ၏ အရွယ်အစားကြီးခြင်း၊ ငယ်ခြင်းထက် ထိုနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်အရည်အသွေးအပေါ်မူတည်ပြီး ပညာရေးအဆင့်အတန်းမြင့်မားသော နိုင်ငံသည် ပိုမိုဖွံ့ဖြိုးတိုးတက်ကြသည်ကို တွေ့ရမည်ဖြစ်ပါသည်။

ဆရာများသည် တပည့်များကို ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ ဟူသည့် ဗလငါးတန်နှင့်ပြည့်စုံသူများ ဖြစ်လာစေရန် သင်ကြားပြသပေးရသူများလည်း ဖြစ်ကြပါသည်။ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် စိတ်ဓာတ်ရှိသူများ၊ ပူးပေါင်းဆောင်ရွက်တတ်သူများ ဖြစ်လာစေရန်လည်း သင်ကြားပေးကြရပါသည်။ **“ဆရာကောင်းတပည့် ပန်းကောင်းပန်”**ဆိုရိုးစကားနှင့်အညီ ဆရာကောင်း၏တပည့်သည် အရည်အချင်းပြည့်ဝကာ လူပုံအလယ်၌ တင့်တယ်စေနိုင်ပါသည်။ ဆရာများသည် မိမိတို့၏တပည့်များကို ပူးပေါင်းဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများ ပျိုးထောင်ကာ ဆန်းစစ်ဝေဖန်တတ်စေရန်၊ ပြဿနာဖြေရှင်းတတ်စေရန်၊ စဉ်းစားတွေးခေါ်တတ်စေရန်၊ တီထွင်ဖန်တီးတတ်စေရန် လေ့ကျင့်ပေးကြရသည့်အပြင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ကိန်းအောင်းလာစေရန် ပြုစုပျိုးထောင်ပေးကြရပါသည်။

ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာရေးကို ပြီးဆုံးသည်အထိ သင်ယူတတ်မြောက်စေရန်၊ အနည်းဆုံး KG+9 ပြီးမြောက်စေရန်၊ တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိပြီး ဗလငါးတန်နှင့် ပြည့်စုံသူများဖြစ်ရန်၊ ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးစံနှုန်းများဖြင့် ဥပဒေကို လေးစားလိုက်နာတတ်သည့် တာဝန်သိစိတ်၊ တာဝန်ယူစိတ်ရှိသူများဖြစ်စေရန်၊ အမြင်ကျယ်မှုရှိပြီး စူးစမ်းရှာဖွေလေ့လာလိုသော စိတ်ဓာတ်နှင့် ပူးပေါင်းတီထွင်ကြံဆ ဆောင်ရွက်တတ်သူများဖြစ်စေရန်၊ လူတစ်ဦးချင်းဖြစ်စေ၊ လူ့အဖွဲ့အစည်းလိုက်ဖြစ်စေ မတူကွဲပြားမှုများကို နားလည်လက်ခံပြီး တန်းတူညီမျှမှုကို တန်ဖိုးထားလေးစားကာ ငြိမ်းချမ်းရေးအခြေခံအသိများနှင့် လက်တွေ့ကျင့်သုံးနေထိုင်တတ်သူများဖြစ်စေရန် စသည့် အခြေခံပညာရေးရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်အောင် အကောင်အထည်ဖော်ရာတွင် ဆရာများ၏ အခန်းကဏ္ဍသည် အဓိကကျလှပါသည်။

တပည့်များ၏ ပညာရေးတွင်သာမက လူမှုဆိုင်ရာ ပြဿနာများ၊ အခက်အခဲအကျပ်အတည်းများကိုလည်း တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးနိုင်မည့်ဆရာများကို အရည်အချင်းပြည့်ဝစေရေးအတွက် လေ့ကျင့်သင်ကြားပေးနိုင်ရန် အထူးလိုအပ်ပါသည်။ သို့ဖြစ်၍ သင်ကြားရေးအထောက်အကူပြု မွမ်းမံသင်တန်းများ၊ ပညာရေးစီမံအုပ်ချုပ်မှုသင်တန်းများဖွင့်လှစ်ကာ သင်ကြား၊ စီမံအရည်အသွေးများ မြှင့်တင်လေ့ကျင့်ပေးလျက်ရှိပါသည်။ ဆရာ ဆရာမများကိုယ်တိုင်လည်း နေ့စဉ်မပြတ်သင်ကြားရင်း သင်ယူ၊ သင်ယူရင်း သင်ကြားနေကြမည်မှာ အမှန်ပင်ဖြစ်ပါသည်။

> ❖ **တပည့်များ၏ပညာရေးတွင်သာမက လူမှုဆိုင်ရာပြဿနာများ၊ အခက်အခဲအကျပ်အတည်းများကိုလည်း တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးနိုင်မည့်ဆရာများကို အရည်အချင်းပြည့်ဝစေရေးအတွက် လေ့ကျင့်သင်ကြားပေးနိုင်ရန် အထူးလိုအပ်ပါသည်။ သို့ဖြစ်၍ သင်ကြားရေးအထောက်အကူပြု မွမ်းမံသင်တန်းများ၊ ပညာရေးစီမံအုပ်ချုပ်မှုသင်တန်းများ ဖွင့်လှစ်ကာသင်ကြား၊ စီမံအရည်အသွေးများ မြှင့်တင်လေ့ကျင့်ပေးလျက်ရှိပါသည်။ ဆရာ ဆရာမများကိုယ်တိုင်လည်း နေ့စဉ်မပြတ်သင်ကြားရင်း သင်ယူ၊ သင်ယူရင်း သင်ကြားနေကြမည်မှာ အမှန်ပင်ဖြစ်**

သာယာဝပြောပြီး ငြိမ်းချမ်းသော အနာဂတ်လူ့ဘောင်ကို တည်ထောင်နိုင်ရန် ထူးချွန်ထက်မြက်ပြီး ပညာတတ်သော ဗလငါးတန်နှင့် ပြည့်စုံသည့် အနာဂတ်မျိုးဆက်သစ် လူငယ်လူရွယ် များစွာ လိုအပ်လျက်ရှိနေပါသည်။ **“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက”** ဆိုသော စကားနှင့်အညီ စိတ်ဓာတ်နှင့်စည်းကမ်းကောင်းမွန်ပြီး ပညာတတ်သောလူငယ်များ ဖြစ်ထွန်းပေါ်ပေါက်လာစေရန် အတွက် ပညာပြည့်ဝနှလုံးလှသည့် ဆရာကောင်း ဆရာမြတ်များ လိုအပ်လျက်ရှိနေပါသည်။

ထို့အတွက်ကြောင့် **“The teachers we need for the education we want: The global imperative to reverse the teacher shortage”** ဟူသော ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဦးတည်ချက်နှင့်အညီ ကျွန်ုပ်တို့မျှော်မှန်းသော ပညာရေးအတွက် လိုအပ်သောဆရာများ ဖြည့်ဆည်းနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ယနေ့ကျရောက်သောကမ္ဘာ့ဆရာများနေ့ နေ့ထူးနေ့မြတ်အခါသမယ၌ အလေးအနက်ထား တိုက်တွန်းအပ်ပါသည်။ ။

## လွိုင်လင်မြို့နယ်၌ Snack & Bakery အမျိုးမျိုးထုတ်လုပ်မှုနည်းပညာ(မွမ်းမံ) သင်တန်းဆင်းပွဲ ကျင်းပ

လွိုင်လင် အောက်တိုဘာ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ဟွေတွေကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ အသေးစားကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းမှ မြို့နယ်များ၌ အစားထိုး အသေးစားကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုးရေး (Snack & Bakery) အမျိုးမျိုးထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကျေးရွာခန်းမ၌ ကျင်းပသည်။

ဦးစွာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးနိုင်ထူးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်သိန်းက သင်တန်းမှရရှိမည့် အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဦးစီးမှူးနှင့် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲအောင်အောင်တို့က သင်တန်းအချောထည်ပစ္စည်းများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသားများက လက်ခံရယူပြီး သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၁၁ ဦး တက်ရောက်ခဲ့ပြီး သင်တန်းသူများ ပြုလုပ်ထားသည့် Pizza၊ Roll Cake၊ Sponge Cake၊ ဒိုးနပ်၊ ကိတ်ခြောက်၊ နန်ကထိုင်၊ ကွတ်ကီး၊ လျှာပေါ်ဝဲ၊ စာကလေးခွေ၊ အာလူးကြော် စသည့်ပစ္စည်းများကို တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းသားဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၆) သင်တန်းသားဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

**✻ ရှေ့ဖုံးမှ**

အဆိုပါ စစ်လက်ရုံးရွေးချယ်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေး ဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်နည်းပညာ တက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗိုလ်လောင်းများအား တစ်ဦးချင်းစီ တွေ့ဆုံမေးမြန်း၍ နည်းပညာ ဘာသာရပ်ပိုင်းဆိုင်ရာများနှင့် လေ့ကျင့်ရေးပိုင်းဆိုင်ရာတို့တွင် နှစ်အလိုက် ထူးချွန်ထက်မြက်မှု၊ စည်းကမ်းလိုက်နာမှု၊ ကြိုးစားအားထုတ်မှုနှင့် ၎င်းတို့ စိတ်ပါဝင်စားမှုများအပေါ် မူတည်၍ သင့်လျော်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်လက်ရုံး အသီးသီးအတွက် စိစစ်ရွေးချယ်ပေးကြသည်။

**အားပေးစကားပြောကြား**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ပညာတန်ဆောင် ဗိုလ်လောင်း စားရိပ်သာ၌ သင်တန်းသား ဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ကြပြီးဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကား ပြောကြားခဲ့သည်။ ယင်းနောက် စစ်လက်ရုံး ရွေးချယ်မှုအား ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၄**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ လက်ဝှေ့အားကစားရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။





အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမှာစကားပြောကြားရာတွင် ယနေ့ပြိုင်ပွဲကို လာရောက် ယှဉ်ပြိုင်ကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အားကစားသမားများ အနေဖြင့် ပြိုင်ပွဲတွင် တရားသော ယှဉ်ပြိုင်ခြင်းဖြင့် အနိုင်ရရှိအောင် ကြိုးစားဆောင်ရွက်မည်ဆိုသည့် အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် အသန့်ရှင်းဆုံး ပါဝင်ယှဉ်ပြိုင်ကြစေလိုကြောင်း၊ မိမိတို့၏ ခံနိုင်ရည်၊ ဇွဲ၊ စိတ်ဓာတ်များနှင့် တစ်ဦးချင်း အရည်အချင်းအစွမ်းအစများကို အစွမ်းကုန်ဖော်ထုတ် ပြသကြစေလိုကြောင်း၊ အားကစားသမားကောင်းများပီသစွာ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကိုလည်း စနစ်တကျ လေးစားလိုက်နာသွားကြရန် လိုအပ်ကြောင်း၊ ပြိုင်ပွဲတွင် ကြီးကြပ်မည့် ဒိုင်လူကြီးများ အနေဖြင့်လည်း ဘက်လိုက်မှုကင်းပြီး ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများအတိုင်း တရားမျှတမှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ မြန်မာ့လက်ရွေးစင် အသင်းကြီးကို အင်အားဖြည့်တင်းပေးနိုင်မည့် မျိုးဆက်သစ်လူငယ် လက်ဝှေ့အားကစားသမားကောင်းများ ဖြစ်လာစေရေး ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းမှာကြားရင်း ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်ကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ပြိုင်ပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲကို နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် လူငယ်/လူရွယ်များ လက်ဝှေ့အားကစားနည်းအား ပိုမိုစိတ်ပါဝင်စားလာစေပြီး လက်ဝှေ့အားကစားနည်း ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ထူးချွန်ထက်မြက်သည့် နိုင်ငံ့ကိုယ်စားပြုသွေးသစ် လက်ဝှေ့အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေး ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ပြီး ယနေ့တွင် အမျိုးသား ၅၁ ကီလို၊ အမျိုးသမီး ၄၈ ကီလို၊ အမျိုးသား ၅၄ ကီလို၊ အမျိုးသား ၆၀ ကီလိုနှင့် အမျိုးသား ၆၇ ကီလိုတန်း ပွဲစဉ်များကို ယှဉ်ပြိုင်ခဲ့ကြပြီး သတ်မှတ်ထားသည့် ကီလိုတန်းအလိုက် လက်ဝှေ့ပွဲစဉ်များကိုလည်း အောက်တိုဘာ ၁၁ ရက်အထိ ဆက်လက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်ရှိ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ

**ဆိုက်ခေါင် အောက်တိုဘာ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်သည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၃ ရက် မွန်းလွဲပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ဆိုက်ခေါင်နယ်စပ်ဒေသ တိုင်းရင်းသားဖွံ့ဖြိုးရေး လူငယ်သင်တန်းကျောင်း စုပေါင်းခန်းမ၌ ဆီဆိုင်မြို့နယ်ရှိ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဒေသ၏ လူမှုစီးပွားလိုအပ်ချက်များကို ကဏ္ဍအလိုက်သက်ဆိုင်ရာ ဌာနများဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ရန် လာရောက်တွေ့ဆုံခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက် (၉) ရပ်ကို ချမှတ်ဆောင်ရွက်နေပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ မိဘပြည်သူများ၊ လူမှုအသင်းအဖွဲ့များ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ပိုမိုအောင်မြင်မှု ရရှိနိုင်မည်ဖြစ်ကြောင်း၊ ယနေ့တွေ့ဆုံပွဲတွင် ဆီဆိုင်မြို့နယ်အတွင်းရှိ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ တင်ပြချက်များကို မှတ်သား၍ ဖြေရှင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ဆီဆိုင်မြို့နယ်ရှိ ဌာနဆိုင်ရာများ၊ ဒေသခံ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။

**တင်ပြဆွေးနွေး**

ဆက်လက်၍ ဆီဆိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးက ဒေသဆိုင်ရာ အချက်အလက်နှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြပြီး တက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများက ဒေသလိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ဒေသခံပြည်သူများ၏ တင်ပြမှုအပေါ် ဖြေရှင်း ဆောင်ရွက်ပေးကာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်က နိဂုံးချုပ်စကားပြောကြားသည်။



ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌတို့က ဆီဆိုင်မြို့နယ် ဌာနဆိုင်ရာများနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ချီးမြှင့်ငွေများကို ပေးအပ်ရာ ဆီဆိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့် စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ဆီဆိုင်မြို့ ဇဝန ကျောင်းတိုက် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော်အား သွားရောက် ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မအလှူငွေများ လှူဒါန်းကြသည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ကျေးရွာရှိ ကန့်တန် အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲသို့ တက်ရောက်ကြပြီး နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ၊ ကျောင်း အကျိုးတော်ဆောင်နှင့် နီပွန်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အထိမ်းအမှတ် သစ်ပင်ကို စိုက်ပျိုးပေးကြသည်။

**သွားရောက်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ကျွန်းတောင်-ကျောက်တလုံးကြီး - နောင်ယာဆိုင်း - ဆိုက်ခေါင် - ပွန်ချောင်း - မောက်မယ်လမ်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုရာ ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသူရဇော်က လမ်းလုပ်ငန်း ဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး **(ဝဲပုံ)** နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ် သည်များ ဖြည့်စွက်မှာကြား၍ လမ်းများ ကျောက်ခင်းနေမှုကို ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ကျောက်တလုံးကြီး မြို့နယ်ရှိပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) နာယက ဦးအောင်ခမ်းထီအား သွားရောက်တွေ့ဆုံ၍ ကျန်းမာရေး အခြေအနေကို မေးမြန်းကာ ပုံတူပန်းချီကားချပ်၊ ဆေးဝါးနှင့် စားသောက်ဖွယ်ရာ လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တာလေမြို့၌ ဒေသဖွံ့ဖြိုးရေး ကွန်ကရစ်လမ်းအဆင့်မြှင့်တင်နေမှုလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**တာလေ အောက်တိုဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာလေမြို့၌ မြို့စည်ပင်သာယာရေး ဌာနမှ တာဝန်ရှိသူများက အောက်တိုဘာ ၃ ရက် ညနေပိုင်းတွင် ကွန်ကရစ်လမ်းများ အဆင့်မြှင့်တင် ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဦးစွာ ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနခွဲ(ကျိုင်းတုံ)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းနှင့်အဖွဲ့က တာလေမြို့ စည်ပင်သာယာရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ် ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၆ ဒသမ ၁၈၅ သန်းဖြင့် အမှတ်(၁) ရပ်ကွက်၊ ၁/၇လမ်း အရှည် ပေ ၁၂၀၊ အကျယ် ၁၂ ပေနှင့် ဒု ၆ လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ခွင့်ပြုရန်ပုံငွေကျပ် ငါးသန်းဖြင့် မခေရွာတွင်း အရှည် ၁၁၃ ပေ၊ အကျယ် ၁၀ ပေနှင့် ဒု ၆ လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ တတိယသုံးလပတ် ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုငွေကျပ်သန်း ၅ ဒသမ ၃၀ ဖြင့် လုတောင်းမိုင်ရွာတွင်းလမ်း အရှည် ပေ ၁၂၀၊ အကျယ် ၁၀ ပေ၊ ဒု ၆ လက်မရှိ ကွန်ကရစ်လမ်းခင်းနေမှု၊ ခွင့်ပြုရန်ပုံငွေကျပ် ၄ ဒသမ ၄၂ သန်းဖြင့် ဝမ်ဟရွာတွင်းလမ်း အရှည်ပေ ၁၀၀၊ အကျယ် ၁၀ ပေ၊ ဒု ၆ လက်မရှိ ကွန်ကရစ်ခင်းနေမှုနှင့် ခွင့်ပြုရန်ပုံငွေကျပ် ၇ ဒသမ ၀၇၁ သန်းဖြင့် အမှတ်(၂) ရပ်ကွက်၊ ၂/၉ လမ်း အရှည် ပေ ၁၆၀၊ အကျယ် ၁၀ ပေ၊ ဒု ၆ လက်မရှိ ကွန်ကရစ်ခင်းနေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့စည်ပင်သာယာရေးဌာန မြို့ဦးစီးမှူး ဦးမနားရွှီနှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်ယွန်းမှီမှီတို့က လိုက်လံရှင်းလင်းပြသပေးပြီး ဒုတိယအင်ဂျင်နီယာမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**



## သာယာဝတီမြို့နယ်၌ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် ပဲတီစိမ်း၊ မတ်ပဲများ အထွက်နှုန်းတိုးတက်ရေး အသိပညာပေးဆွေးနွေး

**သာယာဝတီ အောက်တိုဘာ ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ၂၀၂၃/၂၀၂၄ ခုနှစ် ဆောင်းဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် ပဲတီစိမ်း၊ မတ်ပဲများ အထွက်နှုန်းတိုးတက်ရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အိုင်ဂဒုံကျေးရွာ၌ ပြုလုပ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဟိုက သာယာဝတီမြို့နယ်အတွင်း ဆောင်းမြေပဲ၊ နှမ်း တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စားသုံးဆီဖူလုံမှုရရှိစေရေးနှင့် အထွက်နှုန်းကောင်းမွန်သည့် ဗီယက်နမ်မြေပဲမျိုးများ ပြောင်းလဲစိုက်ပျိုးနိုင်ရေး ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက အထွက်နှုန်းကောင်းမွန်၍ ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသော ဆီထွက်သီးနှံများ ဖြန့်ဖြူးဆောင်ရွက်သွားမည့် အခြေအနေများနှင့် စိုက်ပျိုးနည်းစနစ်များကို နည်းပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း**

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို) ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# ပြည်ထောင်စုဝန်ကြီးဦးမင်းနောင် အာဆီယံ-ဂျပန် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ဆွေးနွေး






**နေပြည်တော် အောက်တိုဘာ ၄**

အာဆီယံ-ဂျပန် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့က Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

**အဖွင့်အမှာစကား ပြောကြား**

အခမ်းအနားတွင် မလေးရှားနိုင်ငံ စိုက်ပျိုးရေးနှင့် စားရေရိက္ခာဖူလုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Datuk Seri Haji Mohamad Bin Sabu နှင့် ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Miyashita Ichiro တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

အာဆီယံ-ဂျပန် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် အာဆီယံနိုင်ငံများအနေဖြင့် ဒေသတွင်းတွင် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုအနာဂတ်ပန်းတိုင်များ ရရှိစေရန် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တစ်ဆက်တည်းတွင် စားရေရိက္ခာဖူလုံရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သည့်နေရာ၌ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ခြင်းမရှိဘဲ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေးအတွက် ကြံ့ကြံ့ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းစနစ်များနှင့် ဆောင်ရွက်ရန် လိုအပ်သည့်အတွက် အာဆီယံ-ဂျပန် မိဒိုရီ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကို အဆိုပြုတင်ပြခဲ့သည့် ဂျပန်နိုင်ငံအစိုးရကို ကျေးဇူးတင်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

**ကတိကဝတ်များပြုခဲ့ကြ**

အစည်းအဝေးတွင် အာဆီယံ-ဂျပန် မိဒိုရီ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး ဂျပန်နိုင်ငံမှ ဆန်းသစ်တီထွင်မှုမှတစ်ဆင့် ဒေသတွင်းစားရေရိက္ခာ ဖူလုံမှုရှိစေရန်ရည်ရွယ်၍ ရေရှည်တည်တံ့သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ စားရေရိက္ခာ ဖူလုံမှုရှိစေရေးနှင့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ရာသီဥတုဒဏ် ကြံ့ကြံ့ခံနိုင်စေရေးတို့ကို တိုးမြှင့်စေရန် အာဆီယံ-ဂျပန် မိဒိုရီ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ အကောင်အထည်ဖော်မှုဆိုင်ရာ ကတိကဝတ်များ ပြုခဲ့ကြသည်။

ထို့ပြင် အာဆီယံ-ဂျပန် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု နှစ်(၅၀) ပြည့်အထိမ်းအမှတ်အနေဖြင့် “Promoting Resilient and Sustainable Agriculture and Food System through Innovation” ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ပွဲကို အာဆီယံနှင့် အရှေ့အာရှစီးပွားရေးသုတေသန အဖွဲ့အစည်း၏ အထောက်အပံ့ဖြင့် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ နိုဝင်ဘာလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် အာဆီယံ-ဂျပန် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာချက်အပေါ် အတည်ပြုခဲ့ကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မုံရွာမြို့အတွင်း စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူနေမှု လိုက်လံကြည့်ရှုစစ်ဆေး

**မုံရွာ အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က မုံရွာမြို့ ရုံးကြီးရပ်ကွက်အတွင်း ကောက်ကွက် (၂) အား အဖွဲ့ ငါး ဖွဲ့ခွဲကာ စမ်းသပ် သန်းခေါင်စာရင်း ကောက်ယူနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ ရပ်ကွက်နေပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

**စမ်းသပ်သန်းခေါင်စာရင်းကောက်ယူ**

အဆိုပါ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူမှုကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ မုံရွာမြို့နယ်အတွင်းရှိ ရုံးကြီး ရပ်ကွက်တွင် ကောက်ကွက် နှစ်ကွက်၊ သပြေတော ကျေးရွာတွင် ကောက်ကွက် တစ်ကွက်၊ ကော်လပြ ကျေးရွာတွင် ကောက်ကွက် နှစ်ကွက်၊ ကျွဲရဲ(တ) ကျေးရွာတွင် ကောက်ကွက် နှစ်ကွက်၊ ကျွဲရဲ(မ)ကျေးရွာတွင် ကောက်ကွက် သုံးကွက် စုစုပေါင်း ကောက်ကွက် ၁၀ ကွက်ဖြင့် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# “ပဲမျိုးစုံတန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေး” ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၄**

ပဲမျိုးစုံတန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ယနေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆွေးနွေးပြောကြား**

စကားဝိုင်းဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က မြန်မာ့ပဲမျိုးစုံတန်ဖိုးကွင်းဆက် မြှင့်တင်ရေးလမ်းပြမြေပုံ (၂၀၂၁-၂၀၂၅) သည် ပဲမျိုးစုံသီးနှံများ၏ တန်ဖိုးကွင်းဆက်တစ်လျှောက် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်နှင့် လက်ရှိအခြေအနေများကို ဆန်းစစ်လေ့လာခြင်း၊ ပဲမျိုးစုံကဏ္ဍတွင် တွေ့ကြုံနေရမှုများနှင့် စိန်ခေါ်မှုအခြေအနေများကို လေ့လာပြီး **“အားလုံးပါဝင်သော ချိတ်ဆက်မှုအားကောင်း၍ ကြံ့ကြံ့ခံနိုင်ပြီး နိုင်ငံတကာယှဉ်ပြိုင်နိုင်စွမ်းရှိသော အသိအမှတ်ပြုသည့် ပဲမျိုးစုံတန်ဖိုးကွင်းဆက်အား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် ပဲမျိုးစုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခြင်းမှတစ်ဆင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်”** မျှော်မှန်းဆောင်ရွက်ခြင်းအပေါ် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းရန်လိုကြောင်းနှင့် **အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုများကြောင့် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများအပေါ် ထိခိုက်မှုမရှိစေရေး** ကြိုတင်ပြင်ဆင်နိုင်မည့် အချက်များ ထည့်သွင်း ဆွေးနွေးကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။






**အကြံပြုဆွေးနွေး**

ယနေ့ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းရွှေက အစီအစဉ်မှူးအဖြစ် ဆောင်ရွက်ပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခဒေါက်တာ ယုယုထွန်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသနမှူး ဒေါက်တာ မာမာဝင်း၊ စီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမင်းထွန်း၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဇင်ဝင်း တို့က မြန်မာနိုင်ငံ၏ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အရည်အသွေးမြင့် ဈေးကွက်ဝင် ပဲမျိုးကောင်းမျိုးသန့်များ ရရှိရေးဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ တွင်ကျယ်စွာသုံးနိုင်ရန် ဝန်ကြီးဌာနမှ ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စက်မှုလယ်ယာစနစ်ကို တိုးမြှင့်နိုင်ရေးဆောင်ရွက်ခြင်း၊ ရေကို အကျိုးရှိထိရောက်စွာ အသုံးချရေး နည်းပညာများပံ့ပိုးခြင်း၊ မြေယာလုပ်ပိုင်ခွင့် ခိုင်မှုရှိစေရေးဆောင်ရွက်ပေးခြင်း၊ အသေးစား၊ အလတ်စား ချေးငွေများနှင့် သီးနှံအာမခံများရရှိနိုင်ရေး ဆွေးနွေးဆောင်ရွက်ခြင်းနှင့် ဈေးကွက်အချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေးဆောင်ရွက်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ တက်ရောက်လာကြသူများက မေးမြန်းသုံးသပ် အကြံပြုဆွေးနွေးကြသည်။

ကမ္ဘာ့ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုနှင့် တင်ပို့မှု အများဆုံးနိုင်ငံများတွင် ပါဝင်သည့် မြန်မာနိုင်ငံ၌ ပဲမျိုးစုံစိုက်ဧက ဟတ်တာ ၃ ဒသမ ၉၅ သန်းရှိပြီး အာဆီယံနိုင်ငံများတွင် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုအများဆုံးနှင့် တင်ပို့မှုအများဆုံး နိုင်ငံအဖြစ်ရပ်တည်လျက်ရှိပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပဲမျိုးစုံ တင်ပို့မှုတန်ချိန်အနေဖြင့် တန်ချိန် ၁ ဒသမ ၉ သန်း တင်ပို့ခြင်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ ရရှိခဲ့ကာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး သုံးခုရှိ ဆောင်းပဲတီစိမ်းသီးနှံ လျာထားဧရိယာ ၄၈၄,၃၉၃ ဧက အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ကျပ် ၄၀ ဒသမ ၂၉၆ ဘီလီယံကို ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မန္တလေးတိုင်းဒေသကြီးရှိ ကလေးပြုစုရေးဌာန ကျောင်းဆောင်သစ်ဖွင့်လှစ်ပွဲနှင့် သက်ကြီးပုဂ္ဂိုလ်များတွေ့ဆုံဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်းဦးစီးဌာန မန္တလေးကလေးပြုစုရေးဌာန၌ ကျင်းပသည့် ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက စောင့်ရှောက်ထားရှိသော ကလေးများ၏ ကျန်းမာရေးနှင့် ရေရှည်ဘဝရပ်တည်ရေးတို့အတွက် အစီအမံများ ချမှတ်၍ ဆောင်ရွက်ပေးရန်၊ အထူးပြုစုစောင့်ရှောက်ရန်လိုအပ်သော ကလေးများအတွက်လည်း ပုံမှန်ကျန်းမာရေး စောင့်ရှောက်မှုနှင့် လိုအပ်သော အထောက်အကူပြုကိရိယာများ စနစ်တကျသုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်မှာကြားပြီး ကလေးများထံ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်မန္တလေးတွင် ကျင်းပသည့် သက်ကြီးပုဂ္ဂိုလ်များနှင့်



တွေ့ဆုံဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ယနေ့အလုပ်ရုံဆွေးနွေးပွဲကို သက်ကြီးပုဂ္ဂိုလ်များ၏ စကားသံများကို နားထောင်ပြီး လိုအပ်သောပံ့ပိုးမှုများ ဆောင်ရွက်နိုင်စေရန်၊ လူ့အဖွဲ့အစည်းအတွင်း သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် ပါဝင်ဆောင်ရွက်ခွင့် ရရှိနိုင်စေရန်နှင့် သက်ကြီးပုဂ္ဂိုလ်များအပေါ် အလေးထားမှုကို ပြသနိုင်ရန်နှင့် ရေ့လုပ်ငန်းစဉ်များ ဖော်ထုတ်နိုင်ရေးအတွက် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားသို့ ဘိုးဘွားများ၊ သက်ကြီးဘာသာရပ်ဆိုင်ရာ ပညာရှင် ပါမောက္ခ ဒေါက်တာမြင့်ဟန်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ ဥက္ကဋ္ဌများနှင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လူမှုဝန်ထမ်းဦးစီးဌာန နားမကြားသော ကလေးများကျောင်း(မန္တလေး) သို့သွားရောက်၍ အတန်းပညာသင်ကြားနေမှု၊ သက်မွေးပညာများ သင်ကြားလေ့ကျင့်ပေးနေမှု၊ နားမကြားသူများအတွက် လက်သင်္ကေတပြဘာသာစကား ကူညီပံ့ပိုးသူများသင်တန်းဖွင့်လှစ်ပို့ချနေမှု၊ အကြားအာရုံစမ်းသပ် စစ်ဆေးပေးနေမှုနှင့် စကားပြောလေ့ကျင့်သင်ကြားပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး ကျွမ်းကျင်ပညာရှင်များစဉ်ဆက်မပြတ် မွေးထုတ်လေ့ကျင့်သင်ကြားပေးရန်နှင့် ကလေးများအနေဖြင့် မိမိကိုယ်ကို ရပ်တည်နိုင်ပြီး ရပ်ရွာလူ့အသိုင်းအဝိုင်းအတွင်း ယုံကြည်မှုရှိစွာဖြင့် ဝင်ဆံ့နိုင်စေရေး အသိပညာ၊ အတတ်ပညာများကို သင်ကြားလေ့ကျင့်ပေးရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကရင်ပြည်နယ်၌ လယ်ယာစီးပွားအခြေခံသော အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME)လုပ်ငန်းများ ဖွံ့ဖြိုးလာစေရေးကြိုးပမ်း

နေပြည်တော် အောက်တိုဘာ ၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ကရင်ပြည်နယ် စီးပွားရေးရာဝန်ကြီးနှင့်အတူ အောက်တိုဘာ ၁ ရက်က ဘားအံမြို့နယ် ဇာသပြင်ကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးနိုင်ဝင်းအောင်၏ ကာကီကင်း (ဥစားဘဲ) အကောင်ရေ ၁၃၇၀၀ နှင့် CP-ဝက်များ မွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုပြီး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှု၊ အစားအစာဘေးကင်းလုံခြုံသော ထုတ်ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဘားအံငါးလုပ်ငန်းစခန်း၌ ငါးမျိုးများထိန်းသိမ်းမှု၊ ငါးသားဖောက်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် သင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးပြီး ငါးသယံဇာတလျော့ပါးမှု မရှိစေရေးအတွက် သဘာဝရေပြင်တွင် ငါးသားပေါက်များ စိုက်ထည့်ပေးခြင်းလုပ်ငန်းကို လျာထားချက်ပြည့်မီစွာဆောင်ရွက်ရန်၊ ငါးဆေးထိုးသားဖောက် သင်တန်းများနှင့် ငါးမွေးမြူရေးဆိုင်ရာ နည်းပညာနှင့် အသိပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် တောင်သူ



ဦးစောအောင်မြင့်၏ ငါးတန်၊ ငါးမုတ်နှင့် ငါးမြစ်ချင်းများ မွေးမြူထားရှိမှုနှင့် ထပ်မံတိုးချဲ့ ဆောင်ရွက်မည့်အခြေအနေများကိုကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဘားအံမြို့ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကရင်ပြည်နယ်၏ စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း စသည့် အဓိကသီးနှံများ၏ ပန်းတိုင်အတွက်နှုန်း ရရှိရေး၊ မွေးမြူရေး ကဏ္ဍဖွံ့ဖြိုးရေးအတွက် နည်းပညာနှင့် အကူအညီများ ဖြည့်ဆည်းဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ပြည်နယ်အစိုးရ ဧည့်ရိပ်သာ၌ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တွေ့ဆုံ၍ ဒေသဝမ်းစာပိုလျှံရေး၊ ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေး၊ ဒေသနှင့်ကိုက်ညီပြီး အလားအလာရှိသည့် ငါးမွေးမြူရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးနှင့် မွေးမြူရေးဇုန်များ တိုးချဲ့တည်ထောင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဘားအံမြို့နယ် ဘားအံမွေးမြူရေးဇုန်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဥစားကြက် ၁၀ ယူနစ်၊ ဒေသကြက် ၁၃ ယူနစ်၊ ဆိတ် ၆၅ ယူနစ်၊ နွား ၁၅ ယူနစ်နှင့် သဘာဝမြေဩဇာ နှစ်ယူနစ်ဖြင့် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများနှင့် တွေ့ဆုံကာ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးလာရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ဘားအံမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်း၌ စိုက်ပျိုးရေးသိပ္ပံ နှင့် ဒီဂရီ စိုက်ပျိုးမွေးမြူရေးအထက်တန်း ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ လက်တွေ့သင်ကြားရေးအဆောင်နှင့် နို့စားနွား၊ ဒေသနွားများမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဘားအံမြို့နယ် ကမေ့ကစင်ကျေးရွာတွင် ကျင်းပသည့် မိုးစပါး ရေကြီးနစ်မြုပ် ထိခိုက်သည့် လယ်များတွင် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ ရောစပ်စုပေါင်းကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲနှင့် တောင်သူများအား မြေဩဇာများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ကာ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာကို အချိုးကျ ပေါင်းစပ်ကြဲပက်နေမှုကို ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မိုင်းခတ်မြို့နယ်၌ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

မိုင်းခတ် အောက်တိုဘာ ၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းညှင်းကျေးရွာအုပ်စု ဝမ်လုံကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

## ညွှန်ကြားချက်

ထိုသို့စစ်ဆေးရာတွင် ကျိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်၊ မိုင်းခတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နောင်ထွေးနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ဝမ်လုံကျေးရွာတွင် အရှည်တစ်မိုင် စိမ့်စမ်းရေသွယ်ယူခြင်း၊ အလျား ၂၅ ပေ၊ အနံ ၃ ပေ ၊ အမြင့် ၅ ပေ ရှိ ရေတားတမံ တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ရေပေးဝေရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် ခရိုင်ဦးစီးမှူးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဝမ်လုံကျေးရွာ၌ ကျေးလက်ရေရရှိရေးအတွက် အဆိုပါလုပ်ငန်းများကို ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၃၀ ဒသမ ၂၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် Enliven Group ကုမ္ပဏီက ဇူလိုင်လ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၅၈ အိမ်၊ လူဦးရေ ၃၃၆ ဦးတို့အတွက် သန့်ရှင်းသော သောက်ရေ/သုံးရေများ ရာသီမရွေး ဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

၂၂၂



# ဧရာဝတီတိုင်းဒေသကြီးရှိ ကျန်းမာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာများအား သက်သာသောနှုန်းထားဖြင့် ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်များ ရောင်းချပေး

ပုသိမ် အောက်တိုဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ပြည်သူ့ဆေးရုံများရှိ ကျန်းမာရေးဝန်ထမ်းများအား သက်သာသောနှုန်းထားဖြင့် ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ ရောင်းချပေးနေမှုများကို ကြည့်ရှုအားပေး၍ ဆေးရုံတက်ရောက်ကုသလူနာများအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။



**ကြည့်ရှုအားပေး**

ဦးစွာ ပုသိမ်မြို့ ခုတင် (၅၀၀)ပြည်သူ့ဆေးရုံကြီး၌ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အစီအစဉ်ဖြင့် ဧရာဝတီတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း စားသုံးဆီလက်လီအရောင်းဈေးကားဖြင့် ဆီတစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀ နှုန်းဖြင့် ရောင်းချပေးနေမှုအားလည်းကောင်း၊ ပုသိမ်မြို့နယ် ဆန်စက်ပိုင်အသင်းနှင့် ဆန်ကုန်သည်များအသင်းတို့မှ ဧည့်မထဆန်တစ်ပြည်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ရောင်းချပေးနေမှုများအားလည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ အခြေခံစားသောက်ကုန်များနှင့် ဟင်းသီးဟင်းရွက်များအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုများအားလည်းကောင်း ကြည့်ရှုအားပေးသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် ပုသိမ်ပြည်သူ့ဆေးရုံ ကိုးထပ်ဆောင်သို့ ရောက်ရှိ၍ ဆေးရုံတက်ရောက်ကုသလူနာများအား လိုက်လံကြည့်ရှုကာ အားပေးစကားများ ပြောကြားပြီး ဆေးရုံတက်ရောက်ကုသလူနာ ၂၉၈ ဦးအတွက် ထောက်ပံ့ငွေနှင့် အာဟာရပြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆေးရုံအထောက်အကူပြုအဖွဲ့ဆေးဆိုင်သို့သွားရောက်၍ ဆေးကုလူနာများအား ဆေးရောင်းချနေမှုများကို ကြည့်ရှုစစ်ဆေးကြောင်း သိသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

■

## ကျိုက်လတ်မြို့နယ်၌ ကွန်ကရစ်တံတားတည်ဆောက်ခြင်းနှင့် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

ကျိုက်လတ် အောက်တိုဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကွန်ကရစ်တံတားတည်ဆောက်ခြင်းနှင့် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများအား အောက်တိုဘာ ၂ ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**ကွင်းဆင်းကြည့်ရှု**

အဆိုပါလုပ်ငန်းများ ကြည့်ရှုစစ်ဆေးခြင်းကို ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးထွေးကိုကို ဦးဆောင်၍ ဖျာပုံခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်လင်းနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မြို့နယ်ကျေးလက်လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ပဆင- ငွေးချောင်းကြီးကျေးရွာအဝင် (ပေ ၅၀ x ပေ ၂၀) ကွန်ကရစ်တံတား၊ အောက်ဆင်ကူး-အထက်ဆင်ကူး ကျေးရွာချင်းဆက်လမ်းပေါ်ရှိ(ပေ၅၀x၁၆ပေ)ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းနှင့် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် Light Green ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် အောက်ဆင်ကူး-အထက်ဆင်ကူး-ဖောင်ရိုးဆိပ် ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များမှာကြားခဲ့သည်။

အဆိုပါလုပ်ငန်းများ အချိန်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိရာ ပဆင-ငွေးချောင်းကြီးကျေးရွာအဝင် ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးပါက ကျေးရွာခုနစ်ရွာရှိ ပြည်သူ ၂၂၂၇ ဦး၊ အောက်ဆင်ကူး-အထက်ဆင်ကူး ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးပါက ကျေးရွာ ၂၄ ရွာရှိ ပြည်သူ ၇၀၈၂၆ ဦး၊ အောက်ဆင်ကူး- အထက်ဆင်ကူး - ဖောင်ရိုးဆိပ် ကျေးရွာချင်းဆက်ကျောက်ချောလမ်း ပြီးစီးပါက ကျေးရွာ ၁၇ ရွာရှိ ကျေးလက်နေပြည်သူ ၅၈၁၁ ဦးတို့ အသုံးပြုနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

သပြေထွန်း



## မြောက်ဥက္ကလာပမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယမြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းရှိ ရွှေလေ့ချောင်းကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် တည်ဆောက်ရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ တည်ဆောက်ရေးကာလအတွင်း ယာဉ်များ ပုံမှန်အတိုင်းသွားလာနိုင်ရေးနှင့် ရေပိုက်များ ထိခိုက်မှုမရှိစေရေး မှာကြားသည်။



ထို့နောက် ဒုတိယမြို့တော်ဝန်နှင့် အဖွဲ့သည် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ မြောက်ဥက္ကလာပမြို့နယ် ရတနာသိင်္ဂီဈေး သန့်ရှင်းသာယာသပ်ရပ်ရေးဆောင်ရွက်မှု၊ တောင်ဥက္ကလာပမြို့နယ် ပတ္တမြားဈေးအသစ်ပြန်လည်တည်ဆောက်မှုနှင့် နန္ဒဝန်ဈေးအတွင်း ရောင်းဝယ်ဖောက်ကားမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

သတင်းစဉ်

## ဇမ္ဗူသီရိမြို့နယ်၌ အယ်လ်နီညိုရာသီဥတုကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ထိခိုက်မှုလျော့နည်းရေး အသိပညာပေး

ဇမ္ဗူသီရိ အောက်တိုဘာ ၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှု လျော့နည်းရေး နည်းပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက တဲကြီးကုန်းကျေးရွာ SMU ခန်းမ၌ ကျင်းပရာ သက်ဆိုင်ရာဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူ ၇၂ ဦး တက်ရောက်ကြသည်။



ဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နေပြည်တော် ဒုတိယတိုင်းဦးစီးမှူးဦးစိုးနိုင်က အယ်လ်နီညိုရာသီဥတုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများအပေါ် သက်ရောက်လာမည့် ထိခိုက်နစ်နာမှုများကို အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်ရမည့်အချက်များ၊ စိုက်ပျိုးနည်းစနစ်များ၊ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့်လုပ်ငန်းများ စသည့် အသိပညာပေး အကြောင်းအရာများကို အသေးစိတ်ဟောပြောရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် နည်းပညာပေးဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် တောင်သူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ဆွေးနွေးကြောင်း သိရသည်။

ဟိန်းသူအောင် (ပြန်/ဆက်)

## မင်္ဂလာဒုံမြို့နယ်အတွင်း ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်း

မင်္ဂလာဒုံ အောက်တိုဘာ ၄

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ လျှပ်စစ်မန်နေဂျာ ဦးနိုင်လင်းအောင် ဦးစီး၍ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို ယမန်နေ့နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရန်ကုန်-ပြည်လမ်းတစ်လျှောက် ၁၁ ကေဗွီဖီဒါအတွင်းရှိ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းကို လျှပ်စစ်လိုင်းဝန်ထမ်းများနှင့် ပြင်ပလျှပ်စစ်လုပ်သားများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

မင်္ဂလာဒုံမြို့နယ် လျှပ်စစ်မန်နေဂျာရုံးအနေဖြင့် ဓာတ်အားကြိုးများနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းများအပြင် ပြည်သူများ လျှပ်စစ်အန္တရာယ်မရှိစေရေး၊ ဓာတ်အားလေလွင့်ဆုံးရှုံးမှုမရှိစေရေး လျှပ်စစ်ဓာတ်တိုင်များနှင့် လျော့ကျနေသည့် ဓာတ်အားကြိုးများအား စဉ်ဆက်မပြတ် ပြန်လည်ပြုပြင်ပေးလျက်ရှိကြောင်း သိရသည်။



မြင့်ဦး

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော
အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပ

## သထုံမြို့နယ်

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသားကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၃ ရက် နံနက် ၁၀ နာရီခန့်က အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း သင်ကြားသင်ယူမှုအထောက်အကူပြုခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်ရေးရာဟောပြောပွဲ ကျင်းပရသည့်ရည်ရွယ်ချက်ကို ပြောကြားပြီး "လူငယ်နှင့် ဗလငါးတန်ဖွံ့ဖြိုးမှု" ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ လက်ထောက်ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းပြီး တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်နော်အက်စတာက လူငယ်ရေးရာဟောပြောပွဲ လာရောက်ပြုလုပ်ပေးခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း(သထုံ)မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ဟောပြောပွဲသို့ တက်ရောက်လာသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## တိုက်ကြီးမြို့နယ်

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာအထက်တန်းကျောင်း (မြို့မ) တို့ ပူးပေါင်းကျင်းပသော လူငယ်အသိပညာပေး ဟောပြောပွဲနှင့် ကျပန်း စကားပြောပြိုင်ပွဲကို အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျောင်းရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးဝင်းက ဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသိပညာပေးဟောပြောပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်စန်းကလျာခိုင်က လူငယ်နှင့်စာပေ၊ ဒုတိယအလယ်တန်းပြဆရာမ ဒေါ်ခိုင်ခိုင်မြင့်က လူငယ်နှင့်ကိုယ်ကျင့်တရားခေါင်းစဉ်တို့ဖြင့် အသိပညာပေးဟောပြောခဲ့ပြီး ကျပန်းစကားပြော ပြိုင်ပွဲကို ကျောင်းသူလေးဦးက မူးယစ်အန္တရာယ်တို့ကာကွယ်၊ အစဉ်ရှေးရှု မြန်မာ့ယဉ်ကျေးမှု၊ ကျွန်ုပ်၏အိပ်မက်၊ ယနေ့လူငယ် နောင်ဝယ်လူကြီး ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ကြသည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် အသိပညာပေး နံရံကပ် စာစောင်များနှင့်စာအုပ်ပြပွဲကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**





## ကျိုက်မရောမြို့နယ်

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို အောက်တိုဘာ ၄ ရက် နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း ပညာအားမာန်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျိုက်မရောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနော်ခမ်းက ကျောင်းသားနှင့် အွန်လိုင်း ဂိမ်းအန္တရာယ်အကြောင်း ပြောကြားကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်သန့်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်ကိုယ်ကျင့်တရား ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြသည်။

ဆက်လက်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင် ဆွေးနွေးသူများက ပြန်လည်ဖြေကြားကြသည်။

အခမ်းအနားအပြီးတွင် စားသုံးသူရေးရာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။ **ကျိုက်မရော(ပြန်/ဆက်)**




## ချောင်းဆုံမြို့နယ်

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး အောက်တိုဘာ ၃ ရက်က ဒရယ် (အထက-ခွဲ) ကျောင်းခန်းမ၌ လူငယ်စကားဝိုင်းကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိသူဇာက ကျောင်းသားလူငယ်များ ထူးချွန်ထက်မြက်ပြီး လူတော်လူကောင်းများ ပေါ်ထွန်းလာစေရန်၊ အစုအဖွဲ့ဖြင့် ညှိနှိုင်းတိုင်ပင် ဆွေးနွေးတတ်သည့်သူများဖြစ်လာစေရန်အတွက် လူငယ်စကားဝိုင်းကျင်းပရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်မိသူဇာနှင့် အားကစားနှင့် ကာယပညာဦးစီးအရာရှိ ဒေါ်သက်ငုံဖူးတို့နှင့်အတူ ကျောင်းသားကျောင်းသူများက လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် ယဉ်ကျေးမှုတန်ဖိုး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် စာဖတ်ခြင်း အကျိုးကျေးဇူးနှင့် လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေးခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခြင်းနှင့် အသိပညာပေး နံရံကပ်စာစောင်ပြသခဲ့ကြောင်း သိရသည်။ **သူဇာ(ပြန်/ဆက်)**

## ငပုတောမြို့နယ်

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို အောက်တိုဘာ ၃ ရက် နံနက် ၁၀ နာရီက အထက (ကမ်းနီး) ပန်းတောက်ရွှေဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသူလေးများက သဘာဝရင်သွေးငယ်တေးသီချင်းဖြင့် အခမ်းအနားကိုဖွင့်လှစ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကားပြောကြားကာ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးသက်ဦးအောင်က ဗလငါးတန်နှင့်ပြည့်စုံ၍ ကိုယ်ကျင့်တရားကောင်းမွန်သော လူငယ်များ ဖြစ်လာစေရန် ပြောကြားသည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နုနုရီက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ကျောင်းသူလေးများက "နှလုံးသားကို အလှဆင်ပါ" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နုနုရီနှင့် အထက်တန်းပြဆရာ ဦးအောင်သူဝင်းတို့က ဦးဆောင်ဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့်နည်းပညာ၊လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့် မူးယစ်ဆေးဝါးခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြရာ တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများ၏ ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ဖြေကြားကြသည်။

ထို့နောက် စာအုပ်စာစောင်နှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ ကလေးအလုပ်သမား ပပျောက်ရေး နံရံကပ်စာစောင် ခတ်ပုံပြခန်းကို ကျောင်းသား ကျောင်းသူလေးများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




## တီးတိန်မြို့နယ်

ချင်းပြည်နယ် တီးတိန်မြို့၌ လူငယ်များဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်အသိပညာပေးဟောပြောပွဲကို အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင် အောက်တိုဘာ ၄ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်သည်။

ဟောပြောပွဲတွင် တီးတိန်မြို့အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ကြီး ဦးခိုင်ခန့်တွန့်က လူငယ်နှင့်ပညာရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးရှန်းခန့်ခွါလ်က လူငယ်နှင့် အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ဒိုင်းခန့်ဒိမ့်က လူငယ်နှင့်စာဖတ်ခြင်းအကျိုးခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

အဆိုပါဟောပြောပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တီးတိန်မြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုဆောင်းပါး

# ပညာရေးမျှော်မှန်းချက်နှင့် မြတ်ဆရာတို့၏အခန်းကဏ္ဍ

ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ်(ငြိမ်း)

ပညာရေးဝန်ကြီးဌာန

ကမ္ဘာ့ဆရာများနေ့

World Teachers' Day

ပညာရေးကိုမြှင့်တင်ဖို့ ဆရာအင်အားဖြည့်ဆည်းစို့

The teachers we need for the education we want: The global imperative to reverse the teacher shortage

ရုံးအမှတ်(၁၃)၊ နေပြည်တော်

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်

ဆရာများ၏ ကြီးမားသောတာဝန်နှင့် အခန်းကဏ္ဍကို ဖော်ညွှန်းရန် ရည်ရွယ်ပြီး ကမ္ဘာ့ဆရာများနေ့ကို ၁၉၉၄ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့မှစတင်ပြီး ကျင်းပခဲ့ပါသည်။ ယခုနှစ်ဆိုလျှင် (၂၉) ကြိမ်မြောက်ရှိပြီဖြစ်ရာ ကမ္ဘာအရပ်ရပ်မှ နိုင်ငံပေါင်း ၁၀၀ ကျော်က ဆရာများကို လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုနေကြပါသည်။

- "ဆရာတို့သည် မျက်စိနှင့်စိတ်ကို ပညာဖြင့် ဖွင့်ပေးကြသူများဖြစ်သည်။ ကမ္ဘာ့ဆရာများနေ့သည် အောက်တိုဘာလ ၅ ရက်နေ့ဖြစ်ပါသည်။ ကျွန်ုပ်တို့အတွက်မူ နေ့တိုင်းဖြစ်သည်။"
- "ကျွန်တော်အသက်ရှင်နေရသည့်အတွက် အဖေ့ကိုကျေးဇူးတင်ရပါသည်။ ကျွန်တော့်ဘဝ သာယာဝပြောရသည့်အတွက် ဆရာ့ကိုကျေးဇူးတင်မဆုံး ဖြစ်ရပါသည်" (Alexander the Great)
- "ကျွန်တော်တို့သည် တစ်သက်တာ သင်ယူလိုကြသူများဖြစ်ပါသည်။ ဆရာရှိနေပါက ထာဝရတပည့် ဖြစ်လိုပါသည်။" (Elisabeth Rohm) တို့၏ ဂုဏ်ပြုစကားများဖြင့် ဆရာများအား ဂုဏ်ပြုလိုက်ပါသည်။

**ဆရာဆိုသည် အနန္တငါးပါးစလုံး အကျုံးဝင်သော ဂုဏ်ရှိသည့်ပုဂ္ဂိုလ်**

ဘုရားရှင်၏ သတ္တမမြောက်ဂုဏ်တော်သည်-

- ❒ 'သတ္ထာဒေဝ မနုဿာနံ' လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် လူနတ်တို့၏ဆရာဖြစ်သည်။
- ❒ 'ဘုရားရှင်ဟောကြားခဲ့သော' တရားတော်များသည် လူတို့ကို ဆရာအဖြစ် ဆုံးမလမ်းညွှန်သည့်အတွက် 'တရား'သည် ဆရာဖြစ်သည်။
- ❒ 'သံဃာတော်များ'သည် ဒကာ၊ ဒကာမတို့၏ ကိုးကွယ်ရာ ဆရာများဖြစ်သည်။
- ❒ 'ပုဗ္ဗာစရိယ မိနှင့်ဖ'ဟူသော စကားအရ မိဘသည်လည်း သားသမီးတို့၏ ဆရာပင်ဖြစ်သည်။

**ဆရာသည်**

- ❒ အသိပညာကို မြှင့်တင်သူ၊ ကျွမ်းကျင်မှုတစ်ခုခုကို မြှင့်တင်ပေးနိုင်သူ၊ ဗြဟ္မစိုရ်တရားထွန်းကားအောင် (မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာပွားများတတ်အောင်) လုပ်ပေးနိုင်သူ၊ စိတ်ဓာတ်ရေးရာပြုပြင်ပေးသူ၊ ဘဝခရီးတစ်လျှောက်တွင် ဖြောင့်တန်းအောင် လျှောက်လှမ်းနိုင်ရန် စာပေကျမ်းဂန်များ၊ သိပ္ပံနှင့် လူမှုရေးသိပ္ပံပညာရပ်များကို သင်ကြားပို့ချရင်း-
- ❒ အမှားနှင့်အမှန် ခွဲခြားနိုင်ရန်၊ အကောင်းနှင့်အဆိုး၊ အကြောင်းနှင့်အကျိုးကို မှန်ကန်စွာနားလည်ပြီး အမှောင်တွင်းမှ လွတ်မြောက်အောင်၊ အမှောင်ထုအတွင်း မရောက်အောင် ဆောင်ရွက်ပေးသူတို့သည် ဆရာကောင်း သမားကောင်းများဖြစ်သည်။

ဆရာသည် လူသားအချင်းချင်း ချစ်မြတ်နိုးအောင် လုပ်ပေးနိုင်သူ၊ တပည့်များ၏ဘဝနှင့် လောက၏အလှကိုဆင်သူ၊ သောကကို ဖြေဖျောက်ပေးသူများဖြစ်၍ လူ့အဖွဲ့အစည်း၏ခေါင်းဆောင်ဟု တင်စားကြပါသည်။

**ဆရာ့ဝတ္တရားငါးပါး**

"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင်ရာအပ်ပို့၊ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ" ဆရာ့ဝတ္တရားငါးပါးကို ကျေပွန်အောင်ထမ်းဆောင်ရမည်မှာ မူလတာဝန်ဖြစ်သည်။ ဤဝတ္တရားငါးပါးကို အပြည့်အဝထမ်းဆောင်ခြင်းဖြင့် မြတ်ဆရာမည်ပေမည်။ အခြေခံပညာမှသည် အဆင့်မြင့်ပညာအထိ ဆရာတို့၏ ဝတ္တရားငါးပါးသည် သင်ယူသူတပည့်တို့အတွက် ဗလငါးတန်ပြည့်စုံစေမည်ဖြစ်သည်။ ဆရာသမားတို့က ပညာရေးမျှော်မှန်းချက်ပညာရေး အစီအစဉ်များကို အကောင်အထည်ဖော်သည့်နေရာတွင် ဗဟိုချက်မဖြစ်သည်။ (၂၁)ရာစုပညာရေးသည် အလွန်အရေးပါသော ဆရာများ၏ တာဝန်များသည်လည်း ပို၍ကျယ်ဝန်းနက်ရှိုင်းလာသည်။ အသိပညာ၊ အတတ်ပညာပိုင်ဆိုင်မှ (၂၁) ရာစုတွင် ဝင်ဆံ့နိုင်မည်။ ရှင်သန်ကြီးထွားနိုင်မည်။ ဆရာသည် အလွန်အားထုတ်ပေးရမည့်နေရာတွင် ရောက်ရှိနေပါသည်။

**ကမ္ဘာ့ဆရာများနေ့**

၁၉၆၆ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့က ILO/UNESCO ၏ နှစ်ပတ်လည်နေ့တွင် ဆရာတို့၏ တာဝန်၊ ဝန်ဆောင်မှုကို ဂုဏ်ပြုရန်၊ ဆရာဆိုသော ပုဂ္ဂိုလ်များ၏ဘဝ မြင့်မားတိုးတက်ရေးကို အကြောင်းပြုပြီး ကမ္ဘာ့ဆရာများနေ့ကျင်းပရန် ဆုံးဖြတ်အကြံပြုချက်ကြောင့် ပထမဆုံး ကမ္ဘာ့ဆရာများနေ့ကို ၁၉၉၄ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ UNESCO ၏မူအရ ဆရာတစ်ဦးသည် ပြဋ္ဌာန်းထားသော ပညာအရည်အချင်းနှင့် ပြည့်ဝနေရမည်။ ပက်ဒါဂေါဂီ (Pedagogic) ဆရာဖြစ်သင်တန်းဆင်းလက်မှတ်ရရှိသူ၊ နိုင်ငံတစ်နိုင်ငံ၌ ထက်လယ်မှုအဆင့်အတွက် သင်ကြားမှုပြုနိုင်သူ၊ အရည်အချင်းရှိသူဖြစ်ရမည်။

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့က ကျင်းပသည့် UNESCO ၏ (၂၉) ကြိမ်မြောက် အစည်းအဝေးမှ အခြေခံပညာ ဆရာများသာမက အဆင့်မြင့်ပညာကဏ္ဍတွင် သင်ကြားရေးနှင့် သုတေသနပြုသူတို့အားလည်း ဖြည့်စွက်ဂုဏ်ပြုရန် ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုးကြီးကြောင့် ကမ္ဘာအရပ်ရပ်မှကျောင်းများ၊ စာသင်ခန်းများ လှုပ်လှုပ်ရှားရှား တက်တက်ကြွကြွ မရှိခြားသော်လည်း ဆရာတို့သည် ကလေးငယ်များအား စာသင်ကြားနိုင်အောင် ကြိုးစားခဲ့သည်ကို တွေ့ခဲ့ရသည်။

- ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ဆရာများနေ့ ဆောင်ပုဒ်သည် "Teachers: Leading in crisis, re-imagining the future".
- ၂၀၂၁ ခုနှစ် ကမ္ဘာ့ဆရာများနေ့ဆောင်ပုဒ်သည် "Teachers at the Heart of Education Recovery" ဟု သတ်မှတ်၍ ကျင်းပခဲ့သည်။
- ၂၀၂၃ ခုနှစ် (ယခုနှစ်) ကမ္ဘာ့ဆရာများနေ့၏ ဆောင်ပုဒ်သည် 'The teachers we need for the education we want' ဖြစ်သည်။ "ပညာရေးလိုအင်မျှော်မှန်းချက်အတွက် ဆရာလိုအပ်ချက်သည် အဓိက၊ ဆရာ့ကဏ္ဍသည် အဓိကကျသည်" ဟု အဓိပ္ပာယ်ရပါသည်။

လူငယ်မျိုးဆက်သစ်များအား ဆရာလောကသို့ ပိုမိုရောက်ရှိလာစေရန် ကမ္ဘာ့ဆရာများနေ့ကို ကျင်းပခြင်းဖြစ်သည်။ အလွန်တာသွားသောဆောင်ပုဒ်ဖြစ်သည်။ ကုလသမဂ္ဂ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်(၁၇)ခုအနက် ပန်းတိုင်(၄)သည် အရည်အသွေးပြည့်ပညာရေး "Quality Education" ဖြစ်ပေါ်ရေးဖြစ်သည်။ အရည်အသွေးပြည့်ပညာရေးဖြစ်ရေးအတွက် ဆရာကောင်းသမားကောင်း ရရှိရေးသည် အဓိကကျလှသည်။

**သိပ္ပံပညာရှင်များ**

ရှေးယခင်က သဘာဝသိပ္ပံ၊ ဇီဝသိပ္ပံများကို အထူးလိုက်စားခဲ့သည့် လူးဝစ်ပါစချာ၊ နယူတန်၊ ဂရီဂိုမင်ဒယ်လ်၊ ဒါဝန်၊ ဂျွန်ဒေါ်လတန်၊ ဂျိမ်းစ်ဝပ်(တ်)ဆန်၊ ဖရန်စစ်ခရစ်(က်) အက်ဒီဆင်၊ အိုင်းစတိုင်း၊ ရိုက်ညီနောင်တို့ကဲ့သို့သော ပုဂ္ဂိုလ်များသည် ဆရာများဖြစ်ကြပါသည်။ ကမ္ဘာကိုစံနမူနာများပြခဲ့ကြပါသည်။ ထိုသူတို့တစ်ဦးချင်း၏သုတေသနတွေ့ရှိချက်များသည် ထပ်ဆင့်တည်ဆောက်မှုများ၊ တီထွင်ဆန်းစစ်မှုများသည် လူ့ယဉ်ကျေးမှုကြီးဖြစ်ပေါ်ပုံတွင် စိတ်ဓာတ်ခွန်အားများဖြစ်ခဲ့ပါသည်။ သိပ္ပံနှင့် နည်းပညာနယ်ပယ်ထဲမှ သုတေသနများကြောင့်၊ လေ့လာမှုရလဒ်များကြောင့် ထွန်းကားလာမှုသည် သဘာဝတရား၏ နိယာမများကို ပိုနားလည်လာပြီး လူသားကောင်းကျိုးအတွက် အသုံးချနိုင်မှုများ ရရှိခြင်းဖြစ်ပါသည်။

**ဆရာ့ကဏ္ဍသစ်**

ကျွန်တော်တို့ငယ်စဉ်ကစ ကြီးပြင်းလာသည်အထိ ပညာသင်ကြားကြသည့်အခါ

- သိဖို့ (learning to know)
- ကျွမ်းကျင်ဖို့ (learning to do and be skillful)
- ကိုယ်ကျင့်တရားကောင်းဖို့ (learning to be)
- အတူတကွ နေထိုင်ကြဖို့၊ ခွဲခြားမှုမရှိဖို့ (learning to live peacefully together, with no discrimination) ကိစ္စများ ပါဝင်ပါသည်။ နောက်ဆုံးတစ်ချက်ဖြစ်သည့် ပတ်ဝန်းကျင်အသိုင်းအဝိုင်း၊ လူ့အဖွဲ့အစည်းတို့နှင့် ညီညွတ်မျှတစွာ နေတတ်ရန်သည် အလွန်အရေးကြီးလှပါသည်။

စာမျက်နှာ ၁၁ သို့ ✤

**"အသိပညာကို မြှင့်တင်သူ၊ ကျွမ်းကျင်မှုတစ်ခုခုကို မြှင့်တင်ပေးနိုင်သူ၊ ဗြဟ္မစိုရ်တရားထွန်းကားအောင် (မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာပွားများတတ်အောင်) လုပ်ပေးနိုင်သူ၊ စိတ်ဓာတ်ရေးရာပြုပြင်ပေးသူ၊ ဘဝခရီးတစ်လျှောက်တွင် ဖြောင့်တန်းအောင် လျှောက်လှမ်းနိုင်ရန် စာပေကျမ်းဂန်များ၊ သိပ္ပံနှင့် လူမှုရေးသိပ္ပံပညာရပ်များကို သင်ကြားပို့ချရင်း အမှားနှင့်အမှန် ခွဲခြားနိုင်ရန်၊ အကောင်းနှင့်အဆိုး၊ အကြောင်းနှင့် အကျိုးကို မှန်ကန်စွာနားလည်ပြီး အမှောင်တွင်းမှ လွတ်မြောက်အောင် ဆောင်ရွက်ပေးသူတို့သည် ဆရာကောင်းသမားကောင်းများဖြစ်"**

✤ စာမျက်နှာ ၁၀ မှ

ပုံမှန်သင်ကြားရေးကြားထဲမှ ဆရာသည် ကျောင်းသားများနှင့် အတူ ကိုယ့်ကျောင်းမှာကိုယ် သစ်ပင်စိုက်နေလျှင်တောင် စိုက်ထားသည့်အပင် ကြီးထွားရှင်သန်အောင်လုပ်နေလျှင် ဒါလုပ်ငန်းတစ်ခုပဲ။ လူများအမှီသဟဲပြုရသည့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန် လမ်းညွှန်ပေးနေရမည်။ ရေမြေတောတောင်ကို အလှဆင်ပေးနေရမည်။ ကလေးမှအစ မိဘများအထိ သတိရှိအောင် အသိပေးနေရမည်။ ဒါဆိုလျှင် ဆရာ၏ကဏ္ဍသစ်သည် ပြဋ္ဌာန်းစာအုပ် (Textbook)ကို သင်ရုံ စာမေးပွဲအောင်ရုံ၊ နောက်တစ်တန်းတက်ရုံ အဆင့်ထက် မြင့်မားပြီး ထူးခြားလာပါလိမ့်မည်။ ဆရာသည် လူထု၏ခေါင်းဆောင်ဆိုသည့် ရုပ်လုံးပေါ်လာပါလိမ့်မည်။

မြန်မာနိုင်ငံ၏ မည်ကဲ့သို့သောဒေသတွင်ရှိနေသည့်ကျောင်း၊ တက္ကသိုလ်က ဆရာသည် မိမိရောက်နေသည့်ဒေသ၏ သင်ကြားသင်ယူမှုဝန်းကျင်ကို ကောင်းမွန်အောင်၊ လူများစုသင်ယူလေ့လာနိုင်သည့် ပတ်ဝန်းကျင်ကောင်းဖြစ်သည်အထိ မျှော်မှန်းပြီး ဆောင်ရွက်ရန် အတွေးအခေါ်အယူအဆများ၊ နည်းစနစ်များ ပြောင်းလဲကောင်းပြောင်းလဲမည်။ ကျွမ်းကျင်မှုအတတ်ပညာများ မြှင့်တင်ရသည်ရှိကောင်းရှိမည်။ တစ်ကမ္ဘာလုံး ပညာရေးသည် ဝေဖန်သုံးသပ်နိုင်ခြင်း၊ တီထွင်ကြံဆဖန်တီးပေးနိုင်ခြင်း လေ့လာစရာနယ်ပယ်သစ်များဘက်သို့ ရွေ့လျားနေသောပညာရေးစနစ်ကြီး ဖြစ်သည်။

ထူးချွန်ပြောင်မြောက်သော၊ တီထွင်ကြံဆနိုင်သောလူ မဖြစ်လင့်ကစား၊ စိတ်ထားမြင့်မြတ်သော၊ မေတ္တာတရားရှိသောလူတော့ အနည်းဆုံး ဖြစ်သွားစေရမည်။ ဆိုးသွမ်းလူငယ်များမဖြစ်ဘဲ တစ်ဦးနှင့်တစ်ဦး တန်ဖိုးထားလေးစားမှု၊ ရိုးသားဖြူစင်မှု၊ အမျိုးချစ်စိတ် နိုင်ငံချစ်စိတ်ရှိသော၊ စည်းကမ်းရှိသော နိုင်ငံသားများ အနည်းဆုံးဖြစ်သွားစေရပါမည်။ ထို့ကြောင့် တပည့်တို့သည် ဆရာပေါင်းများစွာက ပညာအမွေပေးသည့် အစဉ်အလာနှင့်အညီ ဆရာ့ကျေးဇူး၊ ဆရာ့ဂုဏ်သည် မည်မျှကြီးမားကြောင်း ဆင်ခြင်ကြည့်နိုင်ပါသည်။

**တပည့်များ**

ကျွန်တော်တို့တစ်တွေသည် လူမှုအသိုက်အဝန်းအတွင်းမှပုဂ္ဂိုလ်များဖြစ်ရာ အားလုံးသည် ဆရာကောင်းသမားကောင်း ဖြစ်နိုင်မည်မဟုတ်၊ သို့သော် အားလုံးသည် တပည့်များ ဖြစ်ခဲ့ကြပါလိမ့်မည်။ ကြားဆရာ၊ မြင်ဆရာများ၏ တပည့်များလည်း ရှိကြပါမည်။ တပည့်တို့သည် ဆုံးမနာယူမှု ရှိကြရပါမည်။ ညီညာထကြွ တလေးတစား ကြိုးဆိုခြင်း၊ သင်ယူခြင်း၊ တွေးတောကြံဆနိုင်ရန် ဆရာတို့ပေးသော သင်ခန်းစာဆိုင်ရာများ ရွတ်ဖတ်ခြင်း၊ အမေးပုစ္ဆာများ ဖြေဆိုခြင်းတို့ကိုလုပ်ကြခြင်းဖြင့် အဆင့်တိုင်း အဆင့်တိုင်း၌ တတ်မြောက်မှုတစ်ခုကို ရရှိသွားကြပေလိမ့်မည်။

မြန်မာ့လူမှုအသိုင်းအဝိုင်းတွင် တပည့်တို့ဆိုသည် –

- ကတညုတ – ကျေးဇူးရှိမှန်း သိမြင်ခြင်း၊
- ကတဝေဒီ –သိသည့်အတိုင်းကျေးဇူးတရားကို အောက်မေ့ဆပ်သည့်သူများ၊ လူတော်လူကောင်းများဖြစ်၍ ပီတိဖြစ်ကြရပါသည်။

အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍများတွင် ပညာရေးလုပ်ငန်းစဉ်များဖြစ်သော သင်ကြားသင်ယူမှု၊ ပရိဂျက်နှင့်သုတေသနနယ်ပယ်အထိ တပည့်များကောင်း၍ တပည့်များတော်သော မျိုးဆက်သစ်လူငယ်လူကြီးများ၊ လူပုံအလယ်တင့်တယ်သော ပုဂ္ဂိုလ်များ၊ ပညာတတ်များအဖြစ် မွေးထုတ်နေကြသူများသည် ဆရာများဖြစ်၍ ဂုဏ်ယူရပါသည်။

**မြစ်ချောင်းများသဖွယ်စုန်ရေလို**

ဆရာများသည် ပညာရေးမျှော်မှန်းပန်းတိုင်ရောက်ရန် လမ်းညွှန်ရာတွင် ကြိုးစားပမ်းစား ပညာပေး၍ လူထု၏အားကိုးရာဖြစ်သည်။ ဆရာ၏တွေးခေါ်ပုံ၊ ပြောပုံဆိုပုံ၊ ပြုမူပုံများသည် ကျောင်းသားတပည့်များဆီ စီးဆင်းပါသည်။ ကျောင်းသားဆီကို ရောက်သွားခြင်းကြောင့် အကောင်းအဆိုး၊ အကြောင်းအကျိုး အထူးသတိမူရပါမည်။ ဆရာ ဆရာမများသည် အဖိုးတန်လူငယ်လူရွယ် လူရည်ချွန်လူရည်မွန်များဖြစ်အောင် အားထုတ်ကြရမည်။

မိမိနေအိမ်၊ ရပ်ရွာဒေသကို ကောင်းသည်ထက်ကောင်းအောင် တည်ဆောက်ကြရမည်ဖြစ်သည်။ လူ့အဖွဲ့အစည်း လူထုလိုအပ်ချက်၊ စက်ရုံများလိုအပ်ချက်၊ တစ်ဦးကိုတစ်ဦး ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဖြည့်ဆည်းသွားကြရမည်ဖြစ်သည်။ ပို့ချသူ ဆရာ ဆရာမများသည် မည်သည့်အဆင့်မှာပင်ရှိစေ ပညာရေးကို မိမိကျောင်းဝင်းထဲက ကိစ္စလောက်ဟု သဘောမထားတော့ဘဲ လူ့အဖွဲ့အစည်း၏ အရေးကိစ္စဖြစ်သည့်အတွက် ဆရာ ဆရာမအပေါင်းသည် အမျိုးသားရေးတာဝန်ကို ထမ်းဆောင်နေသူများဖြစ်သည်။

(၂၁) ရာစု၌ ကမ္ဘာအရပ်ရပ် အထူးသဖြင့် အနောက်နိုင်ငံများတွင် ဆရာလုပ်ငန်းသည် ပျော်ရွှင်နှစ်မြို့ဖွယ်ဟု သဘောမထားကြသည်ကို ကြုံတွေ့နေရသည်။ အတတ်လည်းသင်၊ သိပ္ပမချန် သင်ကြားမည့် ဆရာအင်အားပင် လိုအပ်ချက်ရှိနေသည်ဟုဆိုသည်။ ဆရာ့ဘဝသည် ခါးသွေးကျောက်ဟု သူတို့မြင်ကြသည်မှာ မြန်မာဆရာတို့နှင့် ကွာလှသည်။ ဆရာအပေါင်းသည် မြစ်ချောင်းများသဖွယ် စုန်ရေလိုပါပဲ၊ ပညာအမွေပေးခြင်းသာဖြစ်သည့်အတွက် သမ္မာအာဇီဝ အလွန်ဆန်သောပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

**ချီးမွမ်းဂုဏ်ပြုစကားများ**

ဆရာများအား ချီးမွမ်းထောမနာဂုဏ်ပြုစကားများ အများအပြားရှိရာ ကွန်ဖြူးစီယပ်၏အမြင်က – “ကျွန်တော်ဟာ လူနှစ်ယောက်နဲ့အတူ လမ်းလျှောက်ဖြစ်ခဲ့ရင် သူတို့တစ်ဦးစီတစ်ဦးစီဟာ ကျွန်တော့်ဆရာများလို့ ခံယူပါတယ်။ တစ်ယောက်သောသူဆီက ကောင်းခြင်းကြန်အင်လက္ခဏာကိုရွေးယူပြီး အတုယူကျင့်သုံးပါမယ်။ အခြားတစ်ယောက်ဆီက မကောင်းတဲ့အချက်တွေကိုလည်း ရယူပြီး မိမိကိုယ်စိတ်နှလုံးမှာ ပြင်ယူလိုက်ပါမယ်။”

- ဆရာများ၏ တာဝန်မှန်က တောတောင်ချုံပုတ်များ ရှင်းလင်းရန်မဟုတ်၊ သဲကန္တာရထဲ ရေသွင်းနိုင်ရန်ဖြစ်သည်ဟု ဆိုပါသည်။ (C.S Lewis)
- “ကျွန်တော်သိသော အကောင်းဆုံး CEOs (Chief Executive Officers)တို့သည် ဆရာများဖြစ်ကြသည်။ သူတို့သည် မဟာဗျူဟာ (Strategy) ကို အဓိကသင်ကြားပေးသည်” (Micheal Porter)
- “ပုံမှန်ဆရာတစ်ဦးသည် ပြဿနာပုစ္ဆာများကို ခက်ခက်ခဲခဲ ရှင်းပြလေ့ရှိသည်။ ပါရမီရှင်ဆရာကမူ ပြဿနာပုစ္ဆာများကို လွယ်လွယ်ကူကူဖော်ထုတ်၍ ရှင်းလင်းပြနိုင်သည်။” (Robert Brault)
- “ကျွန်တော်သည် စကားများများပြောသူထံမှ တိတ်ဆိတ်စွာနားထောင်လိုက်ပါမည်။ သည်းညည်းခံနိုင်ဖွယ် မရှိလောက်အောင်ဖြစ်သည့်တိုင် ထိုသူများအား သည်းညည်းခံနိုင်စွမ်းရှိအောင် ကြိုးစားနိုင်ပါသည်။ အကြင်နာကင်းသူတို့အား ကြင်နာမှုပေးလိုက်ပါမည်။ သို့သော် ထူးဆန်းနေသည်မှာ ထိုထိုဆရာတို့၏ ကျေးဇူးတရားကို မအောက်မေ့နိုင်ခြင်းဖြစ်သည်။” (Khalid Gibran)
- Bill Gates ၏ ဘွဲ့ရမောင်မယ်များအတွက် စကားကြီးနှစ်ခွန်းကတော့–
  - ❐ ကျောင်းကဆရာတွေကို ဆိုးတယ်လို့ထင်ခဲ့ရင် ခင်ဗျားတို့ တစ်နေ့ကုမ္ပဏီသူဌေးကြီးတွေဖြစ်လာတဲ့အချိန်ကျရင် သိလိမ့်မယ်။ သူဌေးဖြစ်လာသူတွေဟာ အလုပ်ကို အကြွေးမထားဘူး၊ ကျောင်းမှာ အိမ်စာ (Homework) တွေ လုပ်ရသလိုပဲ၊ ဆရာတွေက အိမ်စာတွေပြီးအောင် အိမ်စာကိုအကြွေးမထား ပြီးအောင်လုပ်တဲ့အကျင့်ရအောင် အော်ဟောက်တာဟာ လုပ်ငန်းခွင်မှာ အလုပ်ကို အချိန်မဆွဲ ပြီးအောင်လုပ်တဲ့ အလေ့အထကျင့်စဉ်ဟာ သူဌေးဖြစ်ဖို့ပဲ။
  - ❐ လူ့ဘဝမှာ သင်ကြားချိန် မသတ်မှတ်ဘူး၊ ပိတ်ရက်မရှိ၊ ဘယ်အလုပ်ရှင်ကမှ ခင်ဗျားလုပ်ချင်တာကို အမြဲတမ်းညှိနှိုင်းပေးမှာမဟုတ်၊ ဒါကိုအကြောင်းပြုပြီး လူ့ဘဝဟာ မမျှတဘူးလို့ ပြောကြပေမယ့် ဒါကို လက်ခံနိုင်အောင် မိမိဘက်က ဘက်ပေါင်းစုံတော်အောင် ကြိုးစားအားထုတ်ရလိမ့်မယ်” လို့ Bill Gates က မှာပါတယ်။
  - ❐ “ကျွန်မနှစ်သက်သော ဆရာဆိုသည် အိမ်စာပေးလိုက်သည်သာမက စဉ်းစားစရာများကို အိမ်စာနှင့်အတူ ပေးလိုက်သူတို့ဖြစ်သည်။” Lily Tomlin

**အနာဂတ်ပညာရေး**

အနောက်နိုင်ငံများတွင် ဆရာများ၏ ပညာအရည်အသွေး ဉာဏ်ရည်ဉာဏ်သွေး (intelligence level) ကို ဆန်းစစ်သောစစ်ဆေးမှုများရှိပါသည်။ အရည်အသွေးကို တိုင်းတာသော သတ်မှတ်ချက်များ ပြဋ္ဌာန်းရပါသည်။ သူ့အဆင့်နှင့်သူ သတ်မှတ်ချမှတ်သည့် အရည်အသွေးများပြည့်မီလျှင် ရာထူးတစ်ဆင့်တိုးခြင်း ဖြစ်ပါသည်။ ဝန်ထမ်းတိုင်း ရာထူးတိုးချင်သည်ချည်းပင်ဖြစ်သည်။ စစ်ဆေးမှုများကို ဖြတ်ကျော်နိုင်ရန် ဆရာများသည် အမြဲလေ့လာမှု လုပ်ကြရပါသည်။ သင်ကြားမှုအဆင့်မြင့်နေရန်က ကိုယ့်ကိုယ်ကိုယ်လည်း ဆန်းစစ်ရမည်။ သူများစစ်ဆေးမှုကိုလည်း ခံနိုင်ရည်ရှိရပါမည်။

ဆရာသည် အမြဲတမ်းဆန်းသစ်သော အယူအဆရှိနေရမည်။ အတွေးအခေါ် အယူအဆ လုံးဝရှင်သန်နေရမည်။ လူ့စွမ်းအားအရင်းအမြစ်ကို ဖန်တီးပေးနေရသော ဆရာသည် ခေတ်နောက်ကျနေခဲ့လျှင် မြန်မာ့ပညာရေး မြှင့်တင်မှုသည် မျှော်လင့်ချက်မရှိနိုင်။ သူမွေးထုတ်ပေးလိုက်သော လူ့စွမ်းအားအရင်းအမြစ်သည်လည်း ဘယ်နည်းနှင့်မျှ အနာဂတ်ကို ရင်ဆိုင်နိုင်မည်မဟုတ်။ လူငယ်မျိုးဆက်သစ်များ၏ ပညာရည်မြင့်မားရန် မျက်ခြည်မပြတ်အားထုတ်ကြရသဖြင့် ဆရာဆရာမများကို ဂုဏ်ပြုရခြင်းဖြစ်သည်။

ယှဉ်ပြိုင်မှုကြီးမားသည့် (၂၁) ရာစုခေတ်တွင် ပညာရေးသည် ဝေဖန်သုံးသပ်နိုင်ခြင်း၊ တီထွင်ကြံဆနိုင်ခြင်း လေ့လာစရာ နယ်ပယ်သစ်များကို ဖြစ်နိုင်စွမ်းရှိအောင် မျှော်မှန်းပြီး ဆောင်ရွက်ကြရမည့် ခရီးဖြစ်သည်။ မြန်မာ့လူ့ဘောင်ကို ပညာလွှမ်းမိုးသော လူ့ဘောင်ဖြစ်ထွန်းရေးထဲတွင် လုပ်သားအင်အားတစ်ခုလုံး သင်ယူနေသောအင်အားဖြစ်ဖို့ကတစ်ကြောင်း၊ အနာဂတ်တွင် သင်ယူလေ့လာမှုလူ့အဖွဲ့အစည်းကြီးသည် ကြီးမားကျယ်ပြန့်လျက်ရှိသည်ကတစ်ကြောင်း၊ ဒေသမရွေး သင်ယူမှုအခွင့်အလမ်းပေးနိုင်မည့်ပညာရေးစနစ်ကို တည်ထောင်လျက်ရှိပါသည်။ လူ့ဘောင်က လိုအပ်သည့် ပညာရပ်များကိုပေးနိုင်မည့် အနေအထားဖြစ်အောင် လူတိုင်းနီးကြားတက်ကြွစွာ ပါဝင်ကြိုးပမ်းနိုင်မည်ဆိုလျှင် အနာဂတ်ပညာရေးသည် အလွန်စိတ်ချနိုင်သော အခြေအနေဖြစ်ပါမည်။

**စိန်ခေါ်မှုတွေကြီး**

ယနေ့ခေတ်ကြီးတွင် ပြောင်းလဲလာပုံများသည် စိန်ခေါ်မှုများချည်းပါပဲ။ ပညာရေးမြှင့်တင်ရုံမက အပြောင်းအလဲတစ်ခု ဖြစ်ပါသည်။ အထူးသဖြင့် ဆရာများအတွက် စိန်ခေါ်မှု ဖြစ်ပါသည်။ အောင်မြင်တိုးတက်နေသော နိုင်ငံတို့၌ ဆရာတို့သည် တောင့်တင်းကြံ့ခိုင်သည့် မဏ္ဍိုင်ဖြစ်သော်လည်း နွေးထွေးမှုနှင့် “နာသုံးနာ” တို့ကို ချီးမွမ်းဂုဏ်ပြု အသိအမှတ်ပြုရာတွင် အေးစက်စက် ဖြစ်နေသည်ဟု ဆိုသည်။

ဆရာတို့၏ ဝတ္တရားငါးပါးကို အတိတ်က မြင့်မားစွာ တန်ဖိုးထားလေးစားမှု ရှိခဲ့သည်။ ဆရာများ၏ဂုဏ်ကို အကြောင်းပြု၍ ဆရာတို့အား ကြောက်ချစ်ရိုသေ လေးစားကြည်ညိုမှု၊ တန်ဖိုးထားမှု၊ လူငယ်တို့၏ လေးစားဂုဏ်ယူခြင်းခံရသည်။ (၂၁) ရာစုတွင် ကမ္ဘာအရပ်ရပ်၌ ဆရာကောင်း၊ သမားကောင်းဖြစ်ရန် အခက်အခဲစိန်ခေါ်မှုများရှိလာသည်ကို တွေ့ရသည်။ ဉာဏ်ရည်ဉာဏ်သွေးမြင့်သော ဆရာများအား ဆွဲဆောင်မှုရှိရှိ ခန့်ထားနိုင်ရေးမှာ ယခင်ကလို ထင်သလောက် မလွယ်ဟုဆိုသည်။ လစာနည်းခြင်း၊ တန်ဖိုးထားလေးစားမှု၊ အသိအမှတ်ပြုခံရမှုနည်းလာခြင်းအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ဆရာများ လုပ်ငန်းခွင်၌ မပျော်မရွှင်၊ မပြေမလည်ဖြစ်ရသည်ဟု ဆိုပါသည်။

**ကောင်းပါပြီ၊ ဒီဆောင်းပါးကို ဒီလိုနိဂုံးချုပ်ချင်ပါတယ်။**

ပညာရေးမျှော်မှန်းချက်ဆန္ဒဖြစ်သည့် အရေး၊ အဖတ်၊ အတွက် တတ်မြောက်မှုတိုးတက်မြင့်မားရေး လူတိုင်းစာတတ်မြောက်ရေး၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁–၂၀၃၀)တွင် နိုင်ငံသားတိုင်း အနည်းဆုံး KG+9 ပြီးဆုံးသည်အထိ အခမဲ့ပညာသင်ယူနိုင်ရေး၊ တစ်သက်တာသင်ယူမှု၊ တစ်နိုင်ငံလုံး အသိပညာ၊ သိပ္ပံပညာ တိုးတက်မြင့်မားရေးကို အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရန်တို့ ဖြစ်ပါကြောင်း၊ မြန်မာ့လူ့ဘောင်အဖွဲ့အစည်း အရည်အသွေးရရှိသွားရန် အာမခံချက်အပေးဆုံးသည် မြတ်ဆရာများ ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားလာသည်နှင့်အတူ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်လာမည်ဖြစ်ပါကြောင်း မေတ္တာဖြင့် ရေးသားအပ်ပါသည်။ ။

> **“ကျောင်းကဆရာတွေကို ဆိုးတယ်လို့ထင်ခဲ့ရင် ခင်ဗျားတို့ တစ်နေ့ ကုမ္ပဏီသူဌေးကြီးတွေဖြစ်လာတဲ့အချိန်ကျရင်သိလိမ့်မယ်။ သူဌေးဖြစ်လာသူတွေဟာ အလုပ်ကို အကြွေးမထားဘူး၊ ကျောင်းမှာ အိမ်စာ (Homework) တွေ လုပ်ရသလိုပဲ၊ ဆရာတွေက အိမ်စာတွေပြီးအောင် အိမ်စာကို အကြွေးမထား ပြီးအောင်လုပ်တဲ့အကျင့်ရအောင် အော်ဟောက်တာဟာ လုပ်ငန်းခွင်မှာ အလုပ်ကို အချိန်မဆွဲ ပြီးအောင်လုပ်တဲ့ အလေ့အထကျင့်စဉ်ဟာ သူဌေးဖြစ်ဖို့ပဲ”**



# မွန်ပြည်နယ်အတွင်းရှိ MSME အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၄**

မွန်ပြည်နယ်အတွင်းရှိ MSME အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းရှင်များကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ကျောက်တန်းစက်မှုနယ်မြေ၊ ငွေမိုးကွန်ကရစ်ကုမ္ပဏီလီမိတက် အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကျောက်တန်းစက်မှုနယ်မြေအတွင်းရှိ ငွေမိုးကွန်ကရစ်ကုမ္ပဏီလီမိတက်၏ ဘိလပ်မြေဖျော်စက်၊ ငရုတ်သီးမှုန့်နှင့် အမှုန့်မျိုးစုံစက်ရုံ၊ ရော်ဘာစက်ရုံနှင့် ရွှေဝါမြေဝဥစက်ရုံတို့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၄**

အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်ရှိ အမှတ်(၁) တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)၊ ဇီဝကခန်းမနှင့် ခတ်ရောင်ခြည်နှင့် ကင်ဆာကုသဆောင်၌ ဆက်လက်ကျင်းပရာ တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်၊ တပ်မတော်အရာရှိကြီးများ၊ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြု/ကျွမ်းကျင်သူ(အရာရှိ)များ၊ သူနာပြု/ကျွမ်းကျင်သူများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးပညာရှင်များ၊ နိုင်ငံတကာမှဆေးပညာရှင်များ၊ အငြိမ်းစားအရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြပြီး Clinicopathological Conference တစ်ခု ၊ Special Talk လေးခု ၊ Clinical Session နှင့် အခြား Symposium ၁၃ ခုတို့အား




ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် သုတေသနစာတမ်းများအဖြစ် သူနာပြုပညာ၊ မှုခင်းဆေးပညာ၊ ဆေးပညာသင်ကြားရေး၊ ဆေးဝါးဗေဒ၊ အရိုးအထူးကုပညာ၊ ကိုယ်လက်အင်္ဂါပြန်လည်သန်စွမ်းရေး၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ခတ်မှန်ဗေဒ၊ ပြည်သူ့ကျန်းမာရေး၊ ကလေးအထူးကုပညာ၊ စိတ်ကျန်းမာရေး၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ကုပညာ၊ ရောဂါဗေဒ၊ ဇီဝကမ္မဗေဒနှင့် ကင်ဆာရောဂါ စသည့်ဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်း စုစုပေါင်း ၄၈ စောင်တို့ကို ဖတ်ကြားတင်သွင်းကြသည်။ ဆက်လက်၍ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာသုတေသီတို့က ရှင်းလင်းဖြေကြားဆွေးနွေးကြပြီး ဒုတိယနေ့အစီအစဉ်များကို ညနေပိုင်းတွင်ရပ်နား၍ အောက်တိုဘာ ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲသို့ Inperson အနေဖြင့် စုစုပေါင်း ၃၀၉ ဦး တက်ရောက်ခဲ့ပြီး အွန်လိုင်းမှ တက်ရောက်သူများအနေဖြင့် တပ်မတော်ဆေးရုံ ဆေးတပ်အသီးသီးတို့မှ ပါရဂူ၊ ဆေးမှူး၊ သူနာပြု/ကျွမ်းကျင်သူ(အရာရှိ)နှင့် သူနာပြု/ ကျွမ်းကျင်သူ စုစုပေါင်း ၁၁၆ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း အာရှပစိဖိတ်အိမ်ခြံမြေကွန်ဗင်းရှင်း FIABCI - Thai သို့ တက်ရောက်

**ရန်ကုန် အောက်တိုဘာ ၄**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အောက်တိုဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် ကျင်းပမည့် ကမ္ဘာ့အိမ်ခြံမြေအဖွဲ့ချုပ်၏ အာရှပစိဖိတ်အိမ်ခြံမြေကွန်ဗင်းရှင်း FIABCI–Thai သို့ တက်ရောက်ရန် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း MRESA ဥက္ကဋ္ဌ ဦးခင်မောင်သန်း ဦးဆောင်၍ အသင်းဝင် ၁၁၀ သည် လေကြောင်းခရီးဖြင့် ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းကို ပြည်တွင်းသာမက အာဆီယံနိုင်ငံများအထိ ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန်၊ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်ရန်အတွက်နှင့် မိမိနိုင်ငံအကျိုးရှိစေရန် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဥက္ကဋ္ဌများ၊




ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ ၂၀၂၃–၂၀၂၆ ခုနှစ် သက်တမ်းအတွက် အသစ်ဖွဲ့စည်းတာဝန်ပေးအပ်ပြီးဖြစ်သည့်အပြင် FIABCI တွင်လည်း MRESA ၏ ကျင့်ဝတ်သိက္ခာ (CoC) နှင့် ကိုယ်ကျင့်တရားတို့ကို လိုက်နာဆောင်ရွက်သော အသင်းသားများနှင့် ဖွဲ့စည်းထားကြောင်း တင်ပြနိုင်ခဲ့သည့်အတွက် ARENA အဖွဲ့ဝင်အဖြစ် တည်ရှိနေခဲ့ပြီး FIABCI နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် အသင်းသားများ၏ Professional ဖြစ်မှုနှင့် MRESA ၏ Code of conduct (CoC)ကို လက်ကိုင်ထား၍ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## လျှပ်စစ်သုံးယာဉ်နှင့် ဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော MG MG4 အမျိုးအစား လျှပ်စစ်သုံးယာဉ်များ၊ Myanmar Great Motor Co., Ltd. မှ တင်သွင်းလာသော Karry Cowfish၊ Karry Dolphin၊ Karry Elephen အမျိုးအစား လျှပ်စစ်သုံးယာဉ်များနှင့် Myanmar ArrThit Man Motor Co., Ltd.မှ တင်သွင်းလာသော AIMA အမျိုးအစား လျှပ်စစ်သုံးဆိုင်ကယ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်တွင်းထုတ် ရောင်စုံမီးပုံးများ မန္တလေးဈေးကွက်သာမက နယ်ဈေးကွက်များတွင် ရောင်းအားမြင့်တက်

**မန္တလေး အောက်တိုဘာ ၄**

လာမည့် သီတင်းကျွတ်မီးထွန်းပွဲတော်အတွက် ပြည်တွင်းထုတ် ရောင်စုံမီးပုံးများ မန္တလေးဈေးကွက်တွင်သာမက နယ်ဈေးကွက်များ၌ပါ ရောင်းအားမြင့်တက်လျက်ရှိကြောင်း မန္တလေးမြို့မှ ရောင်စုံမီးပုံးများ၊ ကလေးကစားစရာ မီးပုံးအရုပ်များ ထုတ်လုပ်ရောင်းချသူ ဦးတိုးကြီးက ပြောသည်။

အဆိုပါ ရောင်စုံမီးပုံးများကို ဝါးနှင့် ရောင်စုံမှန်ရောင်စက္ကူများဖြင့် ပြုလုပ်ထားပြီး ယခုနှစ်တွင် အမျိုးအစားပေါင်း ၁၆ မျိုး ထုတ်လုပ်ထားကာ ဝါဆို၊ ဝါခေါင်လများမှစတင်၍ နယ်ဒေသများမှ မှာယူသူများထံသို့ တင်ပို့ရောင်းချပေးနေရကြောင်း သိရသည်။ “ရောင်စုံမီးပုံးတွေက ရာသီကုန်ဖြစ်တဲ့အတွက် တစ်နှစ်ကို ခြောက်လလောက် ရောင်းချပါတယ်။ ဒီနှစ်မှာ ကုန်ကြမ်းဈေး မြင့်လာပေမယ့် ပုံမှန်ဈေးနှုန်းအတိုင်းရောင်းချလို့ အမြတ်နည်းပါတယ်။ နယ်ဒေသတွေက ကြိုတင်အမှာတွေများပြီး မြို့ထဲမှာတော့ ပွဲတော်ရက်နီးလာမှ အဝယ်ပိုမိုများပြားလာတယ်။ ရာသီချိန် မရောက်ခင်ကတည်းက အကြမ်းထည်တွေ ကြိုတင်လုပ်ထားတာပါ”ဟု ၎င်းက ပြောသည်။



ယခုနှစ် ထုတ်လုပ်မှုတွင် မီးထွန်းညှိပူဇော်နိုင်သည့် ရောင်စုံမီးပုံးများ၊ ကလေးများကြိုက်နှစ်သက်မည့် ကာတွန်းဇာတ်ကောင်ပုံများ၊ ယုန်၊ လိပ်ပြာ စသည့် တိရစ္ဆာန်ရုပ်များ၊ မော်တော်ကား၊ သင်္ဘောနှင့် လေယာဉ်ပုံများ ထုတ်လုပ်ရောင်းချကြောင်း၊ လက်ကားဈေးနှုန်းများအနေဖြင့် မီးပုံးတစ်ခုလျှင် ငွေကျပ် ၅၀၀ နှင့် တိရစ္ဆာန်အရုပ်များ၊ သင်္ဘော၊ လေယာဉ်ပုံစသည့် ရောင်စုံမီးပုံးရုပ်များမှာ တစ်ခုလျှင် အနည်းဆုံး ငွေကျပ် ၁၃၀၀ မှ ၈၀၀၀ ကျော်အထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

# အမေရိကန်၊ ဂျာမနီနှင့် ဆွီဒင်နိုင်ငံတို့မှ သိပ္ပံပညာရှင် သုံးဦး ၂၀၂၃ ခုနှစ် ရူပဗေဒဆိုင်ရာ နိုဘယ်လ်ဆု ရရှိ

**စတော့ဟုမ်း အောက်တိုဘာ ၄**

အမေရိကန်၊ ဂျာမနီနှင့် ဆွီဒင်နိုင်ငံတို့မှ သိပ္ပံပညာရှင် သုံးဦးသည် ၂၀၂၃ ခုနှစ် ရူပဗေဒဆိုင်ရာ နိုဘယ်လ်ဆုကို ရရှိခဲ့သည်။

၎င်းတို့သည် အီလက်ထရွန်များကို လေ့လာရန်အတွက် အလွန်တိုတောင်းသော အလင်းရောင်ကို အသုံးပြုရာတွင် အောင်မြင်မှုများရရှိခဲ့ခြင်းအတွက် နိုဘယ်လ်ဆုချီးမြှင့်ခံရခြင်း ဖြစ်သည်။

Pierre Agostini၊ Ferenc Krausz နှင့် Anne L'Huillier တို့သည် အက်တမ်များနှင့် မော်လီကျူးများအတွင်း ဖြစ်ပေါ်လျက်ရှိသည့် အလွန်လျင်မြန်သော ဖြစ်စဉ်များကို လေ့လာရန် နည်းလမ်းများကို တီထွင်နိုင်ခဲ့သည်။

ထို့ပြင် တိုတောင်းသောအလင်းရောင်မျိုးစုံကို အသုံးပြုရာတွင် အောင်မြင်မှုရရှိသည့် ပထမဆုံး သိပ္ပံပညာရှင်များဖြစ်သည်။ ၎င်းတို့အသုံးပြုသည့် အလင်းရောင်များကို "attosecond"ဟုခေါ်သည့် တစ်စက္ကန့်၏ သန်းတစ်ထောင်အတိုင်းအတာနှုန်းဖြင့် တိုင်းတာနိုင်သည်။

**များစွာအထောက်အကူပြု**

အီလက်ထရွန်ဆိုင်ရာ လေ့လာမှုများ ဆက်လက်လုပ်ဆောင်ရန် ၎င်းတို့၏တွေ့ရှိမှုများသည် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း နိုဘယ်လ်ဆုချီးမြှင့်ရေးကော်မတီက ဆိုသည်။

၎င်းတို့၏ တွေ့ရှိချက်များသည် အီလက်ထရွန်နစ် ပစ္စည်းများတွင် အီလက်ထရွန်များ အလုပ်လုပ်ဆောင်ပုံနှင့်ပတ်သက်ပြီး လူသားများ၏နားလည်မှုကို ပြောင်းလဲစေသည့်အပြင် ဆေးဘက်ဆိုင်ရာရောဂါရှာဖွေရေးတွင်လည်း မော်လီကျူးများကို ခွဲခြားသတ်မှတ်နိုင်စေရန် မီးမောင်းထိုးပြပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**




# ဂျပန်နိုင်ငံ၌ ကမ္ဘာ့ကုန်စည်ပြပွဲအကြို ပါဝင်ပြသမည့်ပုဂ္ဂလိကကဏ္ဍပြခန်းများက လုပ်ငန်းပိုင်းဆိုင်ရာရှင်းလင်းပြသ

**တိုကျို အောက်တိုဘာ ၄**

ဂျပန်နိုင်ငံ အိုဆာကာမြို့၌ ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် ကမ္ဘာ့ကုန်စည်ပြပွဲအကြိုအဖြစ် ပါဝင်ပြသမည့် ပုဂ္ဂလိကကဏ္ဍ ပြခန်းများက ၎င်းတို့၏ ပြခန်းများနှင့်ပတ်သက်၍ လုပ်ငန်းပိုင်းဆိုင်ရာကို ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

ပြပွဲတွင် ပါဝင်ရန် သတ်မှတ်ထားသော ကုမ္ပဏီများနှင့် အဖွဲ့အစည်း ၁၃ ခု ထဲမှ ခုနစ်ခုသည် အောက်တိုဘာ ၄ ရက်တွင် တိုကျိုမြို့၌ ၎င်းတို့ပြသမည့်ပြခန်းများ၏ နည်းပညာအယူအဆများကို အကြမ်းဖျင်း ရှင်းလင်းခဲ့သည်။

မိမိတို့ကုမ္ပဏီသည် ခေတ်မီဆက်သွယ်ရေး ကွန်ရက်ဖြစ်သည့် IOWN. ကို ပြသမည်ဖြစ်ကြောင်း အင်န်တီတီဂရုမှ တာဝန်ရှိသူ ကူဒို အာကီကိုက ပြောကြားသည်။ ယင်းဆက်သွယ်ရေးကွန်ရက်ကို အသုံးပြုခြင်းဖြင့် ဖုန်းများကို တစ်နှစ်တွင် တစ်ကြိမ်အားသွင်းလျှင် လုံလောက်သည့် အခွင့်အရေးကို ရရှိမည်ဖြစ်ကြောင်း၊ ထို့ပြင်ရှုခင်းများနှင့်လူများကို အနီးကပ်ကြည့်ရသကဲ့သို့ တွေ့မြင်နိုင်သည့် နည်းပညာကိုလည်း မိမိကုမ္ပဏီမှ ပြသထားသည်ဟု ၎င်းက မှတ်ချက်ပြုပြောကြားသည်။

မိမိကုမ္ပဏီ၏ အတိတ်ကာလမှ ကြေးနီသတ္တုတူးဖော်ရေးလုပ်ငန်းများဆိုင်ရာပြကွက်များကိုလည်း ပြသသွားမည်ဟု အခြားကုမ္ပဏီဖြစ်သည့် ဆူမိတိုမိုဂရုမှ ပြောကြားသည်။

မိမိကုမ္ပဏီမှ ပြခန်းများကို တည်ဆောက်ရာတွင် ကုမ္ပဏီပိုင်သစ်တောများမှ သစ်များနှင့် ၁၉၇၀ ပြည့်နှစ်တွင် အိုဆာကာမြို့၌ ကုန်စည်ပြပွဲကျင်းပခဲ့စဉ်က စိုက်ပျိုးခဲ့သည့် သစ်ပင်များမှ သစ်များကို အသုံးပြုမည်ဟု ဆူမိတိုမိုဂရုက ထပ်လောင်းပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**




# ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်၌ တစ်ရက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၁၅၅ ဦးတွေ့ရှိ

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၄**

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်၌ တစ်ရက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူအနည်းဆုံး ၁၅၅ ဦးရှိကြောင်း တာဝန်ရှိသူများက အောက်တိုဘာ ၄ ရက်တွင် ပြောကြားသည်။

ပန်ဂျပ်ပြည်နယ်ရှိ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ အသစ်ထပ်မံဖြစ်ပွားသူများသည် ပန်ဂျပ်ပြည်နယ်၏ ဒေသအများအပြားမှဖြစ်ပြီး ယခုနှစ်စပိုင်းမှစတင်ကာ လက်ရှိအချိန်အထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၄၈၃၁ ဦးရှိသွားပြီဖြစ်ကြောင်း သိရသည်။

ပန်ဂျပ်ပြည်နယ်၏ မြို့တော် လာဟိုးသည် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၉၀၇ ဦးနှင့်အတူ ဖြစ်ပွားမှုအများဆုံးမြို့အဖြစ် ဆက်လက်ရပ်တည်နေပြီး ၎င်းနောက်တွင် ရာဝယ်လ်ပင်ဒီခရိုင်က ၁၃၄၀၊ မူလ်တန်ခရိုင်က ၅၆၂ ဦး၊ ဖိုင်ဆာလာဘက်ခရိုင်က ၂၂၂ ဦးနှင့် ဂူရန်ဝါလာခရိုင်က ၂၁၃ ဦးစသည်ဖြင့် အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၈၈ ဦးသည် ပြည်နယ်တစ်ဝန်းရှိ ဆေးရုံအသီးသီးတွင် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် အဆိုပါ ၁၈၈ ဦးထဲတွင် လာဟိုးမြို့၌ ဆေးဝါးကုသမှုခံယူနေသူ ၆၉ ဦးလည်းပါဝင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# အီတလီနိုင်ငံ မြောက်ပိုင်း၌ ဘတ်စ်ကားတစ်စီး ခုံးကျော်တံတားမှပြုတ်ကျ၍ မီးလောင်

**ဗင်းနစ် အောက်တိုဘာ ၄**

ခရီးသည်များကို တင်ဆောင်လာသည့် ဘတ်စ်ကားတစ်စီးသည် အီတလီနိုင်ငံမြောက်ပိုင်း ဗင်းနစ်မြို့အနီးရှိ ခုံးကျော်တံတားအောက်သို့ ပြုတ်ကျ၍ မီးလောင်ခဲ့မှုကြောင့် ခရီးသည် ၂၁ ဦး သေဆုံးပြီး ၁၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက အောက်တိုဘာ ၄ ရက်တွင် ပြောကြားသည်။ ဘတ်စ်ကားသည် ဦးတည်ရာလမ်းကြောင်းမှ လွဲချော်သွားခဲ့ပြီး ခုံးကျော်တံတားအောက်ရှိ လျှပ်စစ်မီးရထားလမ်းများအနီးသို့ ပြုတ်ကျသွားခဲ့ကာ မီးလောင်ခြင်းဖြစ်သည်။

ယခုဖြစ်စဉ်ကြောင့် မိမိတို့ဝမ်းနည်းရကြောင်း ဗင်းနစ်မြို့တော်ကောင်စီဝင် ရီနာတို ဘိုရာဆိုက စကိုင်း အီတလီယာ ရုပ်မြင်သံကြားဌာနကို ပြောကြားခဲ့သည်။

အဆိုပါ ဘတ်စ်ကားတွင် ခရီးသည် ၄၀ တင်ဆောင်လာကြောင်း၊ သေဆုံးသူအရေအတွက်မှာ ထပ်မံမြင့်တက်လာနိုင်ပြီး ဖြစ်စဉ်အတွင်း ဒဏ်ရာရရှိသူများကို ဆေးရုံများတွင်ကုသပေးနေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

မီးလောင်မှုကြောင့် ကားအတွင်းမှ ရုပ်အလောင်းများကို မီးသတ်သမားများက ခက်ခက်ခဲခဲထုတ်ယူခဲ့ရကြောင်း ပြည်ထဲရေးဝန်ကြီးဌာန တာဝန်ရှိသူ ဒီဘာရီက ပြောကြားသည်။ လက်ရှိအချိန်တွင် အသက်ရှင်ကျန်ရစ်သူ ရှိ၊ မရှိကို တာဝန်ရှိသူများက စစ်ဆေးနေသည်။ မိမိနှင့်အစိုးရအဖွဲ့သည် ကားမီးလောင်မှုအတွင်း သေဆုံးခဲ့သူများ၏ မိသားစုဝင်များနှင့် ထပ်တူထပ်မျှဝမ်းနည်းရကြောင်း ဝန်ကြီးချုပ် ဂျော်ဂျီယာ မီလိုနီ ကပြောကြားသည်။

**ကိုးကား – စီဂျီတီအင်န်၊ ဘာသာပြန် – စိုးသူရ**



# ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါကာကွယ်ဆေးအသစ်များကို သုံးစွဲရန် အတည်ပြု

**ဂျီနီဗာ အောက်တိုဘာ ၄**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ ကာကွယ်ဆေးအသစ်များကို သုံးစွဲရန် အတည်ပြုထောက်ခံပေးခဲ့သည်။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့က ကလေးငယ်များကို ပိုမိုကောင်းမွန်စွာကာကွယ်နိုင်စေရန် ရည်ရွယ်ပြီး အဆိုပါကာကွယ်ဆေးများကို ထောက်ခံပေးခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တီဒရော့စ် အက်ဒါနွန် ဂါဘရီယီဆက်စ်က ဂျနီဗာမြို့၌ သတင်းထောက်များအား ပြောကြားခဲ့သည်။




သွေးလွန်တုပ်ကွေး ရောဂါသည် ခြင်မှကူးစက်သည့် ရောဂါတစ်မျိုးဖြစ်ပြီး အဖျားကြီးပြီး ပြင်းထန်သော ခေါင်းကိုက်ခြင်းကို ဖြစ်စေသည်။ ဘင်္ဂလားဒေ့ရှ်သည် ယခုနှစ်အတွင်း အဆိုးရွားဆုံး ရောဂါဖြစ်ပွားမှုကို ကြုံတွေ့နေရပြီး သေဆုံးသူ ၉၀၀ ကျော်ရှိကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ အောက်စဖို့ဒ် တက္ကသိုလ်မှ ထုတ်လုပ်သည့် ငှက်ဖျားရောဂါ ကာကွယ်ဆေး အသစ်နှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တီဒရော့စ် အက်ဒါနွန် ဂါဘရီယီဆက်စ်က ပြောကြားခဲ့သည်။

ငှက်ဖျားရောဂါသည် ခြင်မှ ကူးစက်သည့် ရောဂါဖြစ်ပြီး နှစ်စဉ် လူ ၅၀၀၀၀၀ ခန့် အသက်ဆုံးရှုံးလျက်ရှိကာ အများစုမှာ အာဖရိကရှိ ကလေးငယ်များ ဖြစ်သည်။

၂၀၂၁ ခုနှစ်တွင် ငှက်ဖျားကာကွယ်ဆေးတစ်မျိုးကိုထောက်ခံပေးခဲ့သော်လည်း ဝယ်လိုအားမှာ ပေးဝေမှုထက် များစွာကျော်လွန်လျက်ရှိသည်။ ယခုထောက်ခံပေးသည့် ငှက်ဖျားကာကွယ်ဆေးအသစ်သည် ကလေးများကို ပိုမိုကာကွယ်နိုင်လိမ့်မည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မျှော်လင့်ထားသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် ခြင် ပေါက်ပွားနေထိုင်ရာနေရာများ ကျယ်ပြန့်လာကာ အင်းဆက်ပိုးမွှားမှ ကူးစက်သော ဗိုင်းရပ်စ်များလည်း ပိုမိုများပြားလာကြောင်း ကျွမ်းကျင်သူများက သတိပေးသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့်မိုင်းတွေ့ရှိသဖြင့် ကုန်ရထားခရီးစဉ်များ ကြန့်ကြာမှုဖြစ်ပွားခဲ့

နေပြည်တော် အောက်တိုဘာ ၄

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ရန်ကုန်-မန္တလေး ရထားလမ်းမကြီး၏ တောကျွဲအင်းနှင့် ကညွတ်ကွင်းဘူတာအကြား မိုင်တိုင် ၁၂၀/၇-၈ ရှိ တံတားအမှတ်(၁၇၉)အနီးတွင် ယနေ့နံနက် ၈ နာရီခန့်က တောကျွဲအင်းနယ်မြေရဲစခန်းမှ လုံခြုံရေးလှည့်ကင်း ဆောင်ရွက်နေစဉ် ဝါယာကြိုးများနှင့်သွယ်တန်းထားသည့် မိုင်းဟုယူဆရသော ဆာလာအိတ်နှင့် ထည့်ထားသည့် ကော်ပုံးနှစ်ပုံးကို တွေ့ရှိရသဖြင့် စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ တာဝန်ရှိသူများ သွားရောက်ပြီး မိုင်းရှင်းလင်းဆောင်ရွက်ခဲ့ရာ နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် မိုင်းကို ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် အမှတ်(၈၂၃)အဆန် ကုန်ရထားသည် ပဲနွယ်ကုန်းဘူတာသို့ နံနက် ၉ နာရီ ၄၃ မိနစ်တွင် လည်းကောင်း၊ အမှတ်(၈၀၄)အစုန် ကုန်ရထားသည် ကညွတ်ကွင်းဘူတာသို့ နံနက် ၁၀ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ အမှတ်(၈၀၂)အစုန် ကုန်ရထားသည် ဖြူးဘူတာသို့ နံနက် ၁၀ နာရီ ၁၀ မိနစ်တွင်လည်းကောင်း ရောက်ရှိပြီး စောင့်ဆိုင်းရပ်နားခဲ့ရသဖြင့် မိုင်းရှင်းလင်းပြီးချိန်အထိ ရထားများ အချိန် ၁ နာရီခန့် ကြန့်ကြာမှုဖြစ်ပွားခဲ့သည်။

အဆိုပါ မိုင်းတွေ့ရှိမှုဖြစ်စဉ်သည် အချိန်မီတွေ့ရှိ ဟန့်တားနိုင်ခဲ့ခြင်း မရှိပါက ပေါက်ကွဲမှုဖြစ်ပြီး ပုံမှန်ဖြတ်သန်းသွားလာနေသည့် လူစီးရထားများနှင့် ခရီးသွားပြည်သူများကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းသာမကဘဲ ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများကိုပါ ထိခိုက်ပျက်စီးရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာပက်စက်မှုများဖြစ်ပြီး ယခုဖြစ်စဉ်တွင် ရထားအား အချိန်မီမရပ်တန့်နိုင်ခဲ့ပါက ရထားစီး ခရီးသွားပြည်သူများကိုပါ ထိခိုက်သေဆုံးနိုင်သဖြင့် ပျက်စီးဆုံးရှုံးမှု ကြီးမားစွာကြုံတွေ့ရနိုင်သည့် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော လုပ်ရပ်တစ်ခုဖြစ်သည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မှု ၁၂၆ ကြိမ်၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း ၄၅ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ် ကျူးလွန်ခဲ့ကြပြီးဖြစ်သည်။

နိုင်ငံတော်အနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့ မြန်ဆန်စေရေးအတွက် လူစီးရထားများ၊ ကုန်ရထားခရီးစဉ်များ အချိန်မှန်ကန်စွာ တိုးချဲ့ပြေးဆွဲနိုင်ရေး အဘက်ဘက်မှ စီစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း ယခုကဲ့သို့ ဖြစ်စဉ်များကြောင့် ရထားပြေးဆွဲမှု နှောင့်နှေးကြန့်ကြာစေပြီး ခရီးသွားပြည်သူများနှင့် ကုန်စည်များ ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်စေရန် ယုတ်မာရက်စက်စွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုများ ကျူးလွန်နေကြသည့် အကြမ်းဖက်အဖွဲ့များအား ဒေသခံပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ရန်ကုန်-မန္တလေး ရထားလမ်းမကြီး၏ တောကျွဲအင်းနှင့် ကညွတ်ကွင်းဘူတာအကြား မိုင်တိုင် ၁၂၀/၇-၈ ရှိ တံတားအမှတ် (၁၇၉)အနီးတွင် ဝါယာကြိုးများနှင့် သွယ်တန်းထားသည့် မိုင်းဟုယူဆရသော ဆာလာအိတ်နှင့်ထည့်ထားသည့် ကော်ပုံးနှစ်ပုံနှင့် ကီးပက်ဖုန်းအား တွေ့ရှိရစဉ်။

# လာအိုနိုင်ငံရှိ အွန်လိုင်းမှ ငွေကြေးလိမ်လည်သည့်လုပ်ငန်းသို့ ပို့ဆောင်ရောင်းစားသူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် အောက်တိုဘာ ၄

လာအိုနိုင်ငံရှိအွန်လိုင်းမှငွေကြေးလိမ်လည်သည့်လုပ်ငန်းသို့ ပို့ဆောင်ရောင်းစားသူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်နေ မစိုးစိုး(ခ)မချစ်ချစ်(ခ) မမိုးမိုးဦး က နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်နေ ကို---၊ ၂၂/၂၀၂၂ နှစ်၊ ကို---၊ ၂၁/၂၀၂၂ နှစ်၊ ကို---၊ ၁၉/၂၀၂၂ နှစ်၊ ကို---၊ ၁၉/၂၀၂၂ နှစ်၊ ကို---၊ ၂၀/၂၀၂၂၊ ကို---၊ ၂၂/၂၀၂၂ နှစ်နှင့် မ---၊ ၂၁/၂၀၂၂ နှစ်တို့ကို လာအိုနိုင်ငံရှိ ဂိမ်းဆိုင်တွင် အလုပ်လုပ်ရမည်ဖြစ်ပြီး တစ်လလျှင် လုပ်ခလစာ ၁၅ သိန်းခန့်ရမည်ဟု စည်းရုံးပြောဆိုကာ လာအိုနိုင်ငံရှိ ဂိမ်းဆိုင်တွင်မဟုတ်ဘဲ Online မှ ငွေလိမ်ရသော လုပ်ငန်းသို့ပို့ဆောင်ရောင်းစားခဲ့သဖြင့် တပ်ကုန်းမြို့မရဲစခန်း (ပ)၁၅၃/၂၀၂၂၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၂၅ ဖြင့် အမှုရေးဖွင့်၍ ဥတ္တရခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ အောက်တိုဘာ ၃ ရက်တွင် တရားခံ မစိုးစိုး(ခ) မချစ်ချစ်(ခ)မမိုးမိုးဦးကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်၊ လူကုန်ကူးမှုတားဆီး ကာကွယ်ရေး ဥပဒေပုဒ်မ ၂၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် စုစုပေါင်း ၂၅ နှစ်အား သီးခြားစီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

# မြို့နယ်အချို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည်အောက်တိုဘာ ၃ ရက် မွန်းလွဲ ၃ နာရီတွင် တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် ရတနာလမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ သန်းကျော်အား စစ်ဆေးရှာဖွေရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ပူးပေါင်းအဖွဲ့သည် မော်ဘီမြို့နယ် (၄)ရပ်ကွက် အမှတ်(၄)လမ်းမကြီးတွင် ပိုင်စိုးဝေ(ခ)ကိုပိုင်မောင်းနှင်ပြီး စိုးသူ(ခ)ဝင်းကိုကို လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကို လည်းကောင်း၊ အလားတူ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်ရှိ ကားဂိတ်တွင် ဟော့ပေါ့အိုး ပါဆယ်ပစ္စည်း လာရောက်ပို့ဆောင်သူ ရဲမင်းလတ်ကို စစ်ဆေးရှာဖွေရာ ၎င်းသယ်ဆောင်လာသည့် ဟော့ပေါ့အိုးအတွင်းမှ စိတ်ပြောင်းဆေးဝါး Happy Water ၁ ဒသမ ၅၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး မွန်းလွဲ ၁ နာရီတွင် ၎င်းနေထိုင်သည့် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် မြတ်လေးလမ်းရှိ နေအိမ်ကို ဆက်လက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၁၇၇ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၁၀-၂၀၂၃ ကြာသပတေးနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ဓဇဂ္ဂသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | 'Asian Games Daily Highlights – (7)' |
| ၀၉:၁၅ | 'တစ်တိုင်ဆီဝီးမှုသည်....' |
| ၀၉:၃၅ | NRC အစီအစဉ်(ဗမာ) |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | ပညာပြည့်ဝနှလုံးလှ ဂုဏ်အင်ကြီးမားဆရာများ |
| ၁၁:၃၀ | ရုပ်မြင်သံကြားဇာတ်လမ်း 'နေညိုချိန်ခရီးဝယ်' |
| ၁၂:၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဆေး' (အပိုင်း-၉) |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၂၆) |
| ၁၅:၀၀ | မျိုးဂုဏ်တင့်စေဆိုကရေးတီးအငြိမ့် |
| ၁၅:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွှင့်ပျံ့အမှန်း' (အပိုင်း-၃၂) |
| ၁၆:၃၅ | မျိုးဂုဏ်တင့်စေဆိုကရေးတီးအငြိမ့် |
| ၁၇:၁၅ | Soccer View |
| ၁၇:၃၀ | လူမှုစီးပွားသတင်းများ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | 'ဘယ်သူမှန်လဲအပြိုင်ကြဲ' |
| ၁၉:၃၀ | ရုပ်မြင်သံကြားဇာတ်လမ်း 'စိတ်စေတနာကောင်းတဲ့အခါ' |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၂၉) |

### mitv

| | |
|---|---|
| 07:02 | Evergreen Classic: Myat Day Thanar (Pan Ei Phyu) |
| 07:10 | Great Shwedagon - Historic And Mysterious Places |
| 07:40 | Travel around the world: Maliwun Waterfall & Hot Spring |
| 07:51 | World Teacher Day |
| 08:01 | News |
| 08:27 | Myanmar Cultural Identities (Kinnari & Kinnara) |
| 08:45 | Malikha & Fairy Island |
| 09:01 | Trend of Kachin Dress |
| 09:27 | Charming & Fragrant Sabai |
| 09:37 | Myanmar Traditional Cart Business |
| 10:01 | News |
| 10:26 | Myanmar's Traditions and Culture "Myanmar Pottery" |

### MRTV NRC

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
လူသားတို့ရဲ့ကျေးဇူးရှင်များ

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
လခြမ်းမြို့မှ ရိုးရာအလှ (အပိုင်း-၂)

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
ကျန်းမာရေးနှင့်ညီညွတ်အောင် ကိုယ်အလေးချိန်လျှော့ချနည်း

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
ဝ ရိုးရာတူရိယာအကြောင်းအင်တာဗျူး

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
ခေါင်လန်ဖူးအလွန်မှ ဒီးလာဝါဇီကျေးရွာသို့

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
ပညာရှာမှီးသူများ

**ပအိုဝ်းကရင် (၁၈:၀၀ မှ ၁၉:၀၀)**
တောင်ကျွန်းလေးကကုက်ပျော့ဖူးသုပ်

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ပန်းတစ်ပွင့်ရဲ့အနာဂတ်ခရီးလမ်း

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ (တီရစ္ဆာန်အခေါ်အဝေါ်)

**ချင်း (လိုင်စိုး) (၂၁:၀၀ မှ ၂၂:၀၀)**
ရာဇဗြိုဟ်မြို့သို့ အလည်တစ်ခေါက်

**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၂)

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၀၉:၁၅ | ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင် |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ (LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအပြာဖြာဇာတ်လမ်းတို 'အငွေ' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၃) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ) |
| ၁၁:၃၀ | ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၁) |

### MRTV FARMERS / HTV Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၂၀ | ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၀၀ | Gardeners' World 2023 Eps-1 |
| ၁၉:၀၀ | First Ever Tour of My New Garden |
| ၁၉:၃၀ | Working the Land for our climate - Healthy soil, healthy world |
| ၂၂:၀၀ | ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ် (ဇာတ်လမ်း) |

### MRTV SPORTS / HTV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၀ | Sports Diary |
| ၁၆:၃၀ | MNL 2022 Match (Replay) |
| ၁၈:၀၀ | အားကစားသတင်း |
| ၁၈:၂၀ | 19th Asian Games Highlights |

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ် (၃) မှတစ်ဆင့် ဥပဒေရေးရာအသိပညာများ တိုးမြင့်လာခြင်း

ဒေါက်တာသံလွင်ထွန်း (ကသ - ၃၂)

နေပြည်တော်တွင် တည်ရှိသည့် ရုံးအမှတ် ၂၅၊ ဥပဒေရေးရာဝန်ကြီးဌာနသည် ယခင်ပြည်ထောင်စုရှေ့နေချုပ်ရုံးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် ၁၇၆/၂၀၂၁ ဖြင့် ပြင်ဆင်ဖွဲ့စည်းထားသည့်ဝန်ကြီးဌာနဖြစ်ပြီး ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေရေးရာဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ဥပဒေရေးရာဝန်ကြီးဌာနသည် "ဥပဒေပညာသည် အကျင့်သိက္ခာနှင့် ပြည့်စုံသောပညာဖြစ်သည်" ဟူသည့်ဆောင်ပုဒ်နှင့်အညီ ဥပဒေဆိုင်ရာအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊ ဥပဒေရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ ပိုမိုအားကောင်းလာစေရန်၊ အများပြည်သူ၏ ယုံကြည်အားကိုးမှုမြင့်တင်ရန်နှင့် တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးတွင် ပါဝင်ဆောင်ရွက်ရန်ဟူသည့် ရည်မှန်းချက်ပန်းတိုင်များထားရှိကာ ဆောင်ရွက်လျက်ရှိပါသည်။ ဥပဒေရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်ထောင်စုဝန်ကြီးရုံး၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန၊ ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာနဟူ၍ ဦးစီးဌာန ငါးခုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**ဥပဒေသုတေသနစာတမ်းများ**

ဥပဒေရေးရာဝန်ကြီးဌာနသည် မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄) ကို တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှုခေါင်းစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဥပဒေပညာပြန့်ပွားရေးလုပ်ငန်းစဉ်များအနေဖြင့် နှစ်အလိုက်ဥပဒေစာအုပ်များ၊ နည်းဥပဒေစာအုပ်များနှင့် Myanmar Laws စာအုပ်များကို ထုတ်ဝေပေးလျက်ရှိပြီး ဥပဒေများကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် လေ့လာနိုင်ရန် စီစဉ်ပေးထားပါသည်။ ဥပဒေပညာလေ့လာလိုသူများအတွက်ဥပဒေသုတေသနစာတမ်းများကိုလည်း ပြုစုလျက်ရှိသည့်အပြင် ဥပဒေပညာဂျာနယ်၊ အင်္ဂလိပ်-မြန်မာ ဥပဒေဝေါဟာရအဘိဓာန် စသည်တို့ကိုလည်း ပုံနှိပ်ထုတ်ဝေဖြန့်ဖြူးပေးလျက်ရှိပါသည်။ ထို့ပြင် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို အချိန်နှင့်တစ်ပြေးညီလေ့လာဖတ်ရှုနိုင်စေရန် မြန်မာဥပဒေသတင်းအချက်အလက်စနစ် (Myanmar Law Information System) ကိုလည်း အွန်လိုင်းဝက်ဘ်ဆိုက်ဖြင့် လွှင့်တင်ပေးထားပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ ဦးဆောင်မှုတို့ဖြင့် နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းအမှတ်စဉ် (၃) ကို ၂၀၂၃ ခုနှစ် ဇွန်လ ၇ ရက်နေ့က အောင်မြင်စွာဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါသင်တန်းတွင် စာရေးသူအပါအဝင် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးမှ သင်တန်းသား ၃၇ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ၂၀၂၃ ခုနှစ် ဇွန်လ ၈ ရက်နေ့မှ ဩဂုတ်လ ၁၉ ရက်နေ့အထိ ဖြစ်ပါသည်။




အဆိုပါ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းတွင် ဥပဒေရေးရာဝန်ကြီးဌာန၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုစနစ်နှင့် ဖက်ဒရယ်စနစ်အကြောင်း၊ မြန်မာနိုင်ငံဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့၏ ဆက်နွှယ်မှုများ၊ နိုင်ငံ၊ အချုပ်အခြာအာဏာ၊ တရားဝင်မှုနှင့် တရားစီရင်ပိုင်ခွင့်တို့အပေါ် အပြည်ပြည်ဆိုင်ရာနိုင်ငံရေးနှင့် ဥပဒေရှုထောင့်တို့မှ လေ့လာခြင်း၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်း၊ အာဆီယံပဋိညာဉ်စာတမ်း၊ နိုင်ငံဖြတ်ကျော်မှုခင်းများအကြောင်း၊ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာကိစ္စများ၊ စီးပွားရေးဆိုင်ရာစာချုပ်စာတမ်းများနှင့် မျှော်မှန်းနိုင်သည့် ဖြစ်ရပ်ဆိုင်ရာပြဿနာချက်များ၊ အထွေထွေဥပဒေအကြံဉာဏ်ပေးရေးဘာသာရပ်၊ ဥပဒေပြုအဖွဲ့အစည်းနှင့် ဥပဒေပြုအာဏာ၊ ဥပဒေမူကြမ်းစိစစ်ရေးဆွဲရေးနည်းလမ်းများ၊ တစ်ဆင့်ခံ ဥပဒေရေးဆွဲရေးနည်းလမ်းများ၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများရေးဆွဲခြင်းနှင့် ပြင်ဆင်ခြင်းနည်းလမ်းများ၊ စာဖတ်နည်း၊ စဉ်းစားတွေးခေါ်နည်း၊ စာရေးနည်းနှင့် ဥပဒေရေးဆွဲနည်းအနုပညာ၊ ပြစ်မှုဆိုင်ရာဥပဒေများအကြောင်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုများအား ငွေကြေးထောက်ပံ့မှုကို တိုက်ဖျက်ရေးတို့နှင့်စပ်လျဉ်းသည့် အစိုးရအချင်းချင်းအကြားဖွဲ့စည်းထားသည့်အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်းများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအကြောင်း၊ ရှေ့တော်သွင်းစာချွန်တော်အမိန့်၊ အာဏာပေးစာချွန်တော်အမိန့်၊ တားမြစ်စေစာချွန်တော်အမိန့်၊ အာဏာပိုင်မေးစာချွန်တော်မိန့်၊ အမှုခေါ်စာချွန်တော်အမိန့်စသည့် စာချွန်တော်အမိန့်များအကြောင်း၊ အစိုးရ သို့မဟုတ် ရာထူးအလျောက်ဆောင်ရွက်ရသည့် ပြည်သူ့အရာထမ်းများက စွဲဆိုသည့် တရားမမှုများနှင့် ဥပဒေဆိုင်ရာအထွေထွေကိစ္စရပ်များစသည့် စိတ်ဝင်စားစရာကောင်းသည့်အပြင် အဖိုးတန်သည့် ပညာရပ်များကို သင်ကြားပို့ချပေးခဲ့ပါသည်။

**အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စများ**

ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းသည် နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအနေဖြင့် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စများဆောင်ရွက်ရာတွင် ဥပဒေရှုထောင့်အမြင်ဖြင့် မည်ကဲ့သို့စဉ်းစားဆုံးဖြတ်ရမည်ကို နားလည်သဘောပေါက်စေသည့်အပြင် ဝေဖန်ပိုင်းခြားတွေးခေါ်မှုစွမ်းရည်ကို တိုးတက်စေသည့် သင်တန်းတစ်ခုဖြစ်ပါသည်။ သင်တန်းသားတစ်ဦးချင်းစီအား ဥပဒေဆိုင်ရာအယူအဆများ၊ ဥပဒေအခြေခံမူသဘောတရားများနှင့် လက်တွေ့ကျင့်သုံးဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်နိုင်စေရန် စီစဉ်ပေးထားပါသည်။ ထို့ပြင် ဌာနဆိုင်ရာအသီးသီးအတွက် ဥပဒေရေးရာကိစ္စများကို ကိုင်တွယ်ဖြေရှင်းရာတွင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရန် ပံ့ပိုးပေးသည့်အပြင် သင်တန်းသားများအား ဥပဒေဆိုင်ရာနယ်ပယ်အသီးသီးမှ ဥပဒေအသိပညာဗဟုသုတများကို တိုးပွားလာစေသည့် သင်တန်းတစ်ခုလည်းဖြစ်ပါသည်။

> **အသိပညာဗဟုသုတသည် ဘဝ၏ကဏ္ဍများစွာတွင် အမှန်တကယ် ခွန်အားပေးစွမ်းနိုင်ပါသည်။ ဥပမာအားဖြင့် ပညာရေးကဏ္ဍတွင် အသိပညာဗဟုသုတနှင့် ကျွမ်းကျင်မှုများရှိခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများရရှိစေရန် လမ်းဖွင့်ပေးနိုင်ပါသည်။ ကိုယ်ရေးကိုယ်တာဆက်ဆံရေးများတွင်လည်း မိမိနှင့် တစ်ပါးသူ၏အကြောင်းကို သိရှိနားလည်ပေးခြင်းဖြင့် တစ်ဦးအပေါ်တစ်ဦး ဖြည့်ဆည်းပေးနိုင်သည့် ကောင်းမွန်သောဆက်ဆံရေးကို ရရှိစေနိုင်ပါသည်။ ထို့ပြင် သိပ္ပံပညာရပ်ဆိုင်ရာ သုတေသနနှင့် ဆန်းသစ်တီထွင်မှုများ ပြုလုပ်ရာတွင်လည်း အသိပညာဗဟုသုတရှိခြင်းဖြင့် နည်းပညာအသစ်များနှင့် ရှာဖွေတွေ့ရှိမှုအသစ်များကို ဖန်တီးရရှိစေနိုင်**

အသိပညာဗဟုသုတဆိုသည်မှာ စွမ်းအားတစ်ရပ်ပင်ဖြစ်ပြီး ကျွန်ုပ်တို့၏ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသည့်ကမ္ဘာတွင် ဒေသတွင်းသာမက ကမ္ဘာတစ်ဝန်းတွင် မှတ်သားလေ့လာစရာများ ပို၍များပြားလာပါသည်။ အသိပညာစွမ်းအားဖြစ်သည့် အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက် သို့မဟုတ် ဗဟုသုတရှိခြင်းဖြင့် တစ်ဦးချင်းစီအား ခွန်အားဖြစ်စေသည့်အပြင် အကျိုးကျေးဇူးများစွာပေးစွမ်းနိုင်ပါသည်။ အသိပညာဆည်းပူးခြင်းဖြင့် ပိုမိုကြီးမားသောအခွင့်အလမ်းများ၊ အောင်မြင်မှုများရရှိစေနိုင်ပြီး ပြည့်စုံမှန်ကန်စွာ ဆုံးဖြတ်ချက်ချမှတ်စေနိုင်ပါသည်။ အသိပညာဗဟုသုတသည် တစ်ဦးချင်းစီအား အခြေအနေအရပ်ရပ်ကို ကျော်လွှားနိုင်ရန်၊ ပြဿနာများဖြေရှင်းနိုင်ရန်နှင့် ပြည့်စုံမှန်ကန်သည့် ရွေးချယ်မှုများပြုလုပ်နိုင်ရန် လိုအပ်သည့် သိမြင်နားလည်နိုင်စွမ်းများကို ပေးစွမ်းနိုင်ပါသည်။ ထို့ပြင် ကမ္ဘာကြီးကို ရှုထောင့်အမျိုးမျိုးဖြင့် ပိုမိုနက်ရှိုင်းစွာ သိမြင်နားလည်စေပြီး အချက်အလက်များကို ပိုင်းခြားစိတ်ဖြာကာ အကဲဖြတ်နိုင်စွမ်းကိုလည်း ပေးနိုင်ပါသည်။

**သုတေသနနှင့်ဆန်းသစ်တီထွင်မှုများ**

အသိပညာဗဟုသုတသည် ဘဝ၏ကဏ္ဍများစွာတွင် အမှန်တကယ် ခွန်အားပေးစွမ်းနိုင်ပါသည်။ ဥပမာအားဖြင့် ပညာရေးကဏ္ဍတွင် အသိပညာဗဟုသုတနှင့် ကျွမ်းကျင်မှုများရှိခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများရရှိစေရန် လမ်းဖွင့်ပေးနိုင်ပါသည်။ ကိုယ်ရေးကိုယ်တာဆက်ဆံရေးများတွင်လည်း မိမိနှင့် တစ်ပါးသူ၏အကြောင်းကို သိရှိနားလည်ပေးခြင်းဖြင့် တစ်ဦးအပေါ်တစ်ဦး ဖြည့်ဆည်းပေးနိုင်သည့် ကောင်းမွန်သောဆက်ဆံရေးကို ရရှိစေနိုင်ပါသည်။ ထို့ပြင် သိပ္ပံပညာရပ်ဆိုင်ရာ သုတေသနနှင့် ဆန်းသစ်တီထွင်မှုများ ပြုလုပ်ရာတွင်လည်း အသိပညာဗဟုသုတရှိခြင်းဖြင့် နည်းပညာအသစ်များနှင့် ရှာဖွေတွေ့ရှိမှုအသစ်များကို ဖန်တီးရရှိစေနိုင်ပါသည်။ သို့ရာတွင် အသိပညာဗဟုသုတရှိရုံမျှဖြင့် ပြည့်စုံလုံလောက်ပြီဟုမဆိုနိုင်ပေ။ အဆိုပါ အသိပညာဗဟုသုတများကို လက်တွေ့အသုံးချရန်နှင့် သက်ဆိုင်ရာကျွမ်းကျင်မှုများ၊ အရည်အသွေးများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ အသိပညာဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် လက်တွေ့ဆောင်ရွက်ချက်များကို ပေါင်းစပ်လုပ်ဆောင်နိုင်မှသာ မတူညီသည့်အပြုသဘောဆောင်သော ပြောင်းလဲမှုအသစ်များကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။

ဥပဒေရေးရာအသိပညာများ တိုးမြင့်လာခြင်းသည် နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် အရေးကြီးသည့် ပြောင်းလဲမှုတစ်ရပ်ဖြစ်သည့်အပြင် အဖွဲ့အစည်းတစ်ရပ်အနေဖြင့် လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အထောက်အပံ့ကောင်းတစ်ရပ်လည်းဖြစ်ပါသည်။ စာရေးသူတို့အနေဖြင့် ဥပဒေရေးရာဝန်ကြီးဌာနမှ ဥပဒေအသိပညာဗဟုသုတများစွာ သင်ယူလေ့လာနိုင်ခဲ့သည့်အတွက် မိမိတို့၏ အသိပညာဗဟုသုတကို မြှင့်တင်နိုင်ခဲ့ပါသည်။ နိုင်ငံ့ဝန်ထမ်း အကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ် (၃) သင်တန်းတွင် တက်ကြွစွာဆွေးနွေးပို့ချပေးခဲ့ကြသည့်အပြင် အသိပညာဗဟုသုတများ မျှဝေပေးခဲ့ကြသည့် ဥပဒေပညာရှင် ဆရာကြီး ဆရာမကြီးများအား သင်တန်းသားများအနေဖြင့် လေးစားအသိအမှတ်ပြုပါကြောင်း တင်ပြအပ်သည်။ ။

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်တစ်ဦးအား ၎င်း၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

**နေပြည်တော် အောက်တိုဘာ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကိုဆုကြေးငွေများထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့နံနက်ပိုင်းတွင်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ အလင်းဝင်ရောက်လာသူတစ်ဦးအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ရှိ တပ်နယ်ခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

**ထောက်ပံ့ငွေများပေးအပ်**

ဦးစွာ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသမီးတစ်ဦးကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ငွေများပေးအပ်ပြီး ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် ဥပဒေ



ဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Htin Lin Thu” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမရဌာနအနောက်ရပ်ကွက်နေ ထင်လင်းသူအား မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ မွန်ပြည်နယ် ပေါင်မြို့နယ် ဥတ္တံတားကျေးရွာနေသူများဖြစ်ကြသည့် “Saw Yarzar Min” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ စောရာဇာမင်းအား မွန်းလွဲ ၁၂ နာရီခွဲ၊ “Chit Thu Paing” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ချစ်သူပိုင်အား မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ နှင့် “Aung Min Htwe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အောင်မင်းထွေးအား မွန်းလွဲ ၁ နာရီခွဲတို့တွင်လည်းကောင်း၊ “Min Tun Myint Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဘီးလင်းမြို့နယ် အလူးကျေးရွာနေ မင်းထွန်းမြတ်ကျော် (ခ)မင်းထွန်းမြတ်အောင်အား မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ “T & T Korean Outlet Clothes” Facebook Page ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၀)ရပ်ကွက်နေ မေမြတ်သူအား မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း၊ “Ye Myint Tun” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် ခိုလမ်မြို့ အမှတ်(၁) ရပ်ကွက်နေ ရဲမြင့်ထွန်း(ခ)အာမင်းအား ညနေ ၅ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ “Aye Ni Ni Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ပေါင်မြို့နယ် ကျွဲခြံကျေးရွာနေ အေးနီနီအောင်အား ည ၉ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာနယ်မြေရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၁၀-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၉၀ | ၂၀၄၀ | ၂၀၃၅ | ၂၀၀၀ | ၂၀၄၀ | ၂၀၆၅ | ၂၀၅၀ | ၂၀၂၅ | ၂၁၂၅ | ၂၁၄၀ | ၂၀၃၀ | ၂၀၄၀ | ၂၀၈၀ | ၂၀၈၀ | ၂၀၈၀ | ၂၃၁၀ | ၃၂၀၀ |
| 95 Ron | ၂၀၈၅ | ၂၁၃၅ | ၂၁၃၅ | ၂၀၉၅ | ၂၁၃၅ | ၂၁၅၅ | ၂၁၄၀ | ၂၁၂၀ | ၂၂၁၅ | ၂၂၃၅ | ၂၁၂၅ | ၂၁၆၅ | ၂၁၇၀ | ၂၁၇၀ | ၂၁၇၅ | ၂၄၀၅ | ၃၃၀၀ |
| HSD (500 ppm) | ၂၄၀၅ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၄၅၀ | ၂၄၇၅ | ၂၄၇၀ | ၂၄၃၅ | ၂၅၅၅ | ၂၅၅၀ | ၂၄၄၀ | ၂၄၅၀ | ၂၄၉၀ | ၂၄၉၀ | ၂၄၉၀ | ၂၇၂၀ | ၃၃၀၀ |
| HSD (50 ppm) | ၂၄၄၅ | ၂၄၉၀ | ၂၄၉၀ | ၂၄၅၀ | ၂၄၉၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၇၅ | ၂၅၈၅ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၀ | ၂၇၆၀ | ၃၃၆၀ |
| HSD (10 ppm) | ၂၄၄၅ | ၂၄၉၀ | ၂၄၉၀ | ၂၄၅၀ | ၂၄၉၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၇၅ | ၂၅၈၅ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၀ | ၂၇၆၀ | ၃၃၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၉၀ | ၁၉၆၁ |
| 95 Ron | ၁၉၈၈ | ၂၀၅၄ |
| HSD (500 ppm) | ၂၂၈၈ | ၂၃၆၃ |
| HSD (50 ppm) | ၂၃၂၇ | ၂၄၀၃ |
| HSD (10 ppm) | ၂၃၂၇ | ၂၄၀၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၃၆၅၉ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် လေးဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၄-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၃-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၆၅၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၁) ရာခိုင်နှုန်း ဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# စွန့်ပစ်ပစ္စည်းများကို အသုံးပြုထုတ်လုပ်သည့် မြစ်ကြီးနားမြို့မှ ဖြိုးဝေဝေ စက္ကူနှင့်စာအုပ်ထုတ်လုပ်ရေးလုပ်ငန်း

ဖြိုးလေး၊ ငှရွှေဝါ၊ ဓာတ်ပုံ-ဇော်ဘောက်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက်တွင်ပါဝင်သော "တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး" ဆိုသည့် ဦးတည်ချက်နှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပါသည်။**



စက္ကူထုတ်လုပ်မှုနှင့်ပတ်သက်၍ လုပ်ငန်းရှင်က ရှင်းလင်းပြောကြားစဉ်။

**"ကချင်ပြည်နယ်တွင် ဝါးပေါများသဖြင့် ဝါးနှင့်ပတ်သက်သည့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နေမှုမှထွက်ရှိသော အသုံးမပြုတော့သည့် အပိုင်းအစများအား ပျော့ဖတ်ရရှိအောင် ဆောင်ရွက်၍ ကုန်ချောပစ္စည်းများ ထုတ်လုပ်ရန် ရည်မှန်းထားကြောင်း၊ ပြည်တွင်းသုံး တစ်ရှူးအပါအဝင်ဖြစ်ကြောင်း၊ နောက်တစ်မျိုးအနေဖြင့် ပြည်နယ်အတွင်း ငှက်ပျောစိုက်ကေများစွာမှ ထွက်ရှိလာသည့် စွန့်ပစ်ငှက်ပျောပင်စည်များကို ပျော့ဖတ်ထုတ်မည်"**

ကချင်ပြည်နယ်တွင် မှတ်ပုံတင်ထားသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းအရေအတွက်မှာ ၂၀၂၃ ခုနှစ် ဩဂုတ်လအထိ အကြီးစားလုပ်ငန်း ၁၁၉ ခု၊ အလတ်စားလုပ်ငန်း ၂၅၃ ခု၊ အငယ်စားလုပ်ငန်း ၁၆၆၅ ခု စုစုပေါင်း၂၀၃၇ ခု ရှိကြောင်း ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ သိရသည်။

နိုင်ငံတော်အစိုးရ၏ ထောက်ပံ့မှုနှင့် ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှု၊ လုပ်ငန်းရှင်များ၏ ကိုယ်တိုင်တီထွင်ကြံဆမှုတို့ကြောင့် ကချင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်အောင်မြင်လာသောလုပ်ငန်းများ ရှိနေပါသည်။ အဆိုပါလုပ်ငန်းများအနက် ဒေသဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသော မြစ်ကြီးနားမြို့ရှိ ဖြိုးဝေဝေ စက္ကူနှင့် စာအုပ်ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်မှ ဦးဘင်ဂျမင်(ခ)ဦးအောင်ကိုနှင့် တွေ့ဆုံမေးမြန်းမှုကို တင်ပြလိုက်ရပါသည်။

**စက္ကူနှင့်စာအုပ်ထုတ်လုပ်ရေးလုပ်ငန်း**

အဆိုပါ စက္ကူနှင့်စာအုပ်ထုတ်လုပ်ရေးလုပ်ငန်းကို ၂၀၁၄ ခုနှစ်က စတင်လုပ်ကိုင်ခဲ့ခြင်းဖြစ်ပြီး ဖခင်ဖြစ်သူတည်ထောင်ခဲ့သည့် စက်မှုလုပ်ငန်းကို အမြဲထိတွေ့ခဲ့ခြင်း၊ မန္တလေးမြို့ရှိ စက်မှုဇုန်များသို့ ရောက်ရှိမြင်တွေ့ခဲ့ခြင်းတို့ကြောင့် ဒေသတွင် စက်ရုံလည်ပတ်ရန် ကြိုးစားဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ ကချင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေး အထောက်အကူဖြစ်စေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ပါ ရည်ရွယ်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စက္ကူများထုတ်လုပ်ရာတွင် လိုအပ်သည့် ပျော့ဖတ်အတွက် စွန့်ပစ်ပစ္စည်းများကို Recycle နည်းဖြင့် အသုံးပြုပြီး ထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ ပြည်သူများ အသုံးပြုပြီး ပြန်လည်အသုံးပြု၍ မရသည့် ပစ္စည်းများကို ပြန်လည်အသုံးပြုနိုင်အောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တည်ထောင်သူက ပြောပြသည်။

ယင်းလုပ်ငန်း စတင်လည်ပတ်ချိန်တွင် စက္ကူအနေဖြင့် ဘားဖြူ၊ ဘားပြာ အမျိုးအစားဖြစ်သည့် စက္ကူအကြမ်းများကိုသာ ထုတ်လုပ်နိုင်ခဲ့သော်လည်း ယခုအချိန်တွင် ဘားဖြူ ဘားပြာ၊ အကြမ်းတို၊ အကြမ်းရှည်၊ ဗလာစာအုပ်တစ်ဖက်ချော၊ ဂျပ်ညို၊ နေလှန်းကတ်များကို ထုတ်လုပ်နိုင်ပြီ ဖြစ်သည်။ ထို့ပြင် လူသုံးကုန်ပစ္စည်းများဖြစ်သည့် တစ်ရှူးစက္ကူလိပ်များပါ ထုတ်လုပ်လျက်ရှိသည်။ ဘားဖြူ အမျိုးအစားစာအုပ်များကို တစ်နှစ်လျှင် အုပ်ရေသန်းနှင့်ချီပြီး ထုတ်လုပ်နိုင်ကြောင်း၊ ပြည်နယ်အတွင်းရှိ တစ်နိုင်တစ်ပိုင် စက်မှုလုပ်ငန်းများ၏ ကုန်ပစ္စည်းများ ထုပ်ပိုးရာတွင် လိုအပ်သည့် ဂျပ်ပုံးများပါ ထုတ်လုပ်ပေးလျက်ရှိသည်။ ထိုသို့ စက်မှုလုပ်ငန်းများ၏ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်သဖြင့် အခြားဒေသမှ မှာယူသုံးစွဲနေရမှုအပေါ် လျှော့ချနိုင်ပြီး ကုန်ကျစရိတ် သက်သာစေရန် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယခင်က စက်တစ်လုံးဖြင့် လည်ပတ်စဉ်က ဒေသအတွင်းရှိသည့် ကုန်ကြမ်းများဖြင့် လုံလောက်သော်လည်း တစ်ရှူးစက္ကူလိပ်စက် လည်ပတ်ချိန်တွင် ရန်ကုန်မှ ကုန်ကြမ်းများ ဝယ်ယူအသုံးပြုရကြောင်း သိရသည်။ ထို့အတူ ဖြိုးဝေဝေမှ ထုတ်လုပ်သည့် စက္ကူနှင့် စာအုပ်များကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးတို့သို့ပါ တင်ပို့ကြောင်း၊ ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံများတွင် အသုံးပြုသည့် ကတ်ထူစက္ကူကို တစ်လလျှင် ၃၂ တန် ခန့်တင်ပို့ရပြီး မန္တလေးမြို့သို့ တစ်လငါးတန်ခန့် တင်ပို့လျက်ရှိကြောင်း၊ တစ်ရှူးစက္ကူလိပ်ကို ပြည်နယ်အတွင်း ရောင်းချလျက်ရှိကြောင်း သိရသည်။

စက္ကူနှင့် စာအုပ်ထုတ်လုပ်ရေးလုပ်ငန်းကို စွန့်ပစ်ပစ္စည်းများအား Recycle နည်းဖြင့် လုပ်ကိုင်နိုင်သည့်အတွက် ဒိန်းမတ်နိုင်ငံမှ (သဘာဝနှင့် ကိုက်ညီသော အညစ်အကြေး စွန့်ပစ်မှုကဏ္ဍ)တွင် တာဝန်ယူမှုရှိသော စီးပွားရေး ရင်းနှီးမြှုပ်နှံမှုအတွက် ထောက်ပံ့မှုတစ်ကြိမ် ရရှိခဲ့ကြောင်း၊ ထို့ပြင် ၂၀၂၃ ခုနှစ်အတွင်း ကချင်ပြည်နယ်အစိုးရအဖွဲ့က စီးပွားရေးဆိုင်ရာထူးချွန်ဆု (ပထမအဆင့်) ချီးမြှင့်ခံရကြောင်း သိရသည်။

**ငွေကျပ် ၆ ဒသမ ၅ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံထား**

ယခု စက်ရုံလည်ပတ်နိုင်ရန် မတည်ရင်းနှီးငွေအနေဖြင့် ငွေကျပ်သိန်း ၄၈၀၀ ခန့် ကုန်ကျခဲ့ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ဖြိုးဝေဝေ စက္ကူနှင့် စာအုပ်ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်အနေဖြင့် ငွေကျပ်သိန်း ၁၃၅၀ ထုတ်ချေး ရရှိထားသည်။ ထိုသို့ နိုင်ငံတော်၏ ပံ့ပိုးကူညီမှုကြောင့် မကြာမီကာလတွင် နှစ်ဖက်ချောစက္ကူစက် လည်ပတ်နိုင်တော့မည်ဖြစ်ကြောင်းသိရသည်။ နှစ်ဖက်ချောစက္ကူ ထုတ်လုပ်နိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်ခဲ့ရာ လုပ်ငန်းတစ်ခုလုံးအတွက် ငွေကျပ် ၆ ဒသမ ၅ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံထားရကြောင်း၊ နိုင်ငံတော်က ယခုလို MSME လုပ်ငန်းများကို တွန်းအားပေးကူညီလာမှုအပေါ် အတိုင်းမသိဝမ်းသာဂုဏ်ယူကျေးဇူးတင်ကြောင်း လုပ်ငန်းပိုင်ရှင်၏ပီတိသံကိုလည်း ကြားသိရသည်။

**စာအုပ်ဒါဇင်လေးသိန်းနီးပါး ထုတ်လုပ်**

အဆိုပါ လုပ်ငန်းတွင် လက်ရှိဝန်ထမ်း ၄၅ ဦးကို နေ့ဆိုင်း၊ ညဆိုင်းခွဲပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်ဖက်ချောစက္ကူစက်ကို လည်ပတ်ပါက တစ်နေ့ စာအုပ်ဒါဇင်လေးသိန်းနီးပါး ထုတ်လုပ်နိုင်မည်ဖြစ်သဖြင့် ဝန်ထမ်း ၁၂၀ ခန့်ကို အလုပ်အကိုင်အခွင့်အလမ်း ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိဝန်ထမ်းများကို နေထိုင်နိုင်ရေး စီစဉ်ပေးထားသည့်အပြင် ဝန်ထမ်းတစ်ဦး၏ လစဉ်ဝင်ငွေမှာ အနည်းဆုံး ငွေကျပ်တစ်သိန်းငါးသောင်းမှ လေးသိန်းငါးသောင်းအထိ ရရှိကြသည်။ ထို့ပြင် ကျန်းမာရေး အာမခံလည်းထားပေးပြီး ၎င်းဝန်ထမ်းများ၏ သားသမီး၊ ကျောင်းသားကျောင်းသူ ၁၀ ဦးခန့်ကိုလည်း ကျောင်းစရိတ် ထောက်ပံ့ပေးလျက်ရှိသည်။

ကချင်ပြည်နယ်တွင် ဝါးပေါများသဖြင့် ဝါးနှင့်ပတ်သက်သည့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နေမှုမှထွက်ရှိသော အသုံးမပြုတော့သည့် အပိုင်းအစများအား ပျော့ဖတ်ရရှိအောင် ဆောင်ရွက်၍ ကုန်ချောပစ္စည်းများ ထုတ်လုပ်ရန် ရည်မှန်းထားကြောင်း၊ ပြည်တွင်းသုံး တစ်ရှူးအပါအဝင်ဖြစ်ကြောင်း၊ နောက်တစ်မျိုးအနေဖြင့် ပြည်နယ်အတွင်း ငှက်ပျောစိုက်ကေများစွာမှ ထွက်ရှိလာသည့် စွန့်ပစ်ငှက်ပျောပင်စည်များကို ပျော့ဖတ်ထုတ်မည်ဖြစ်ကြောင်း၊ ငှက်ပျောအမျှင်များမှတစ်ဆင့် ငှက်ပျောပျော့ဖတ်ချက်ပြီး စက္ကူထုတ်ရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။ ငှက်ပျောပျော့ဖတ်သည် အခြားသစ်ပင်၊ ဝါးပင်များမှထွက်သည့် ပျော့ဖတ်များထက် လေးဆပိုမိုခိုင်ခံ့ကြောင်း၊ ယင်းပျော့ဖတ်မှတစ်ဆင့် နိုင်ငံခြားဝင်ငွေရရှိအောင် ထုတ်ကုန်အဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လုပ်ငန်းရှင်က ရှင်းပြသည်။

ထိုကဲ့သို့ စွန့်ပစ်ပစ္စည်းများမှ လူသုံးကုန်ပစ္စည်းအဖြစ် ပြန်လည်ထုတ်လုပ်ခြင်းဖြင့် ဖြိုးဝေဝေ စက္ကူနှင့်စာအုပ်ထုတ်လုပ်ရေးလုပ်ငန်းက ပြည်နယ်အတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုလျက်ရှိသည်။ ။





ဖြိုးဝေဝေစက်ရုံမှထုတ်လုပ်သည့် တစ်ရှူးနှင့်စာအုပ်များ။

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်း ဆောင်ရွက်နေမှုများ ကြည့်ရှုအားပေး



**မန္တလေး အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် ကော်မတီအဖွဲ့ဝင်များဖြစ်သည့် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက မဟာအောင်မြေခရိုင် ပြည်ကြီးတံခွန်မြို့နယ်၌ ၂၀၂၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ထိုသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ လိုက်လံကြည့်ရှုအားပေးစဉ် အိမ်ထောင်စုဝင်မိသားစုများအား ရင်းနှီးစွာနှုတ်ဆက်ကာ စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူရခြင်းအကြောင်းနှင့် လုပ်ငန်းများ မှန်ကန်ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေးတို့ကိုပြောကြားပြီး တာဝန်ရှိသူများက Mobile Tablet အသုံးပြု၍ Computer Assisted Personal Interviewing (CAPI) စနစ်ဖြင့် အစုအဖွဲ့အတွက် မေးခွန်း ၁၈ ခု၊ အိမ်ထောင်စုများအတွက် မေးခွန်း ၆၈ ခုကို မေးမြန်းကောက်ယူနေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းဖြစ်သည့် ၂၀၂၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်းများကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအနေဖြင့် မဟာအောင်မြေခရိုင် ပြည်ကြီးတံခွန်မြို့နယ်၌ ကောက်ကွက်(၁)ကွက်၊ မြင်းခြံမြို့နယ်၌ ကောက်ကွက် (၁၀) ကွက် စမ်းသပ်ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



○(၁၉)ကြိမ်မြောက်မှ

အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က ပထမဆုရရှိသည့် မြန်မာအသင်း၊ ဒုတိယဆုရရှိသည့် အင်ဒိုနီးရှားအသင်း၊ ပူးတွဲ တတိယဆုရရှိသည့် ဂျပန်အသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ကို ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ပထမဦးဆုံးရွှေတံဆိပ်ဆုဆွတ်ခူးရယူပေးနိုင်ခဲ့သော မြန်မာပိုက်ကျော်ခြင်း အသင်းကို နိုင်ငံတော်မှ ချီးမြှင့်ငွေ အမေရိကန်ဒေါ်လာ ၁၀၀၀ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

နဂါးလှေလှော်(Dragon Boat) အားကစားနည်းမှ အမျိုးသားမီတာ ၂၀၀ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ရာ တရုတ်အသင်းက ပထမ၊ ထိုင်းအသင်းက ဒုတိယ၊ အင်ဒိုနီးရှားအသင်းက တတိယနှင့် မြန်မာအသင်းက စတုတ္ထ၊ အမျိုးသမီးမီတာ ၂၀၀ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်ရာ တရုတ်အသင်းက ပထမ၊ အင်ဒိုနီးရှားအသင်းက ဒုတိယ၊ ထိုင်းအသင်းက တတိယနှင့် မြန်မာအသင်းက စတုတ္ထရရှိခဲ့ကြသည်။

အောက်တိုဘာ ၅ ရက်တွင် ပိုက်ကျော်ခြင်းအားကစားနည်း အမျိုးသား သုံးယောက်တွဲ အုပ်စုပွဲစဉ်များအဖြစ် မြန်မာအသင်းသည် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ဖိလစ်ပိုင်အသင်းနှင့် လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် ထိုင်းအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ထို့အတူ အမျိုးသမီးသုံးယောက်တွဲအုပ်စုပွဲစဉ်အဖြစ် မြန်မာအသင်းသည် နံနက် ၁၀ နာရီတွင် တောင်ကိုရီးယား အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး နံနက် ၉ နာရီတွင်နဂါးလှေလှော်(Dragon Boat)အားကစားနည်း အမျိုးသား မီတာ ၅၀၀ ပြိုင်ပွဲနှင့် အမျိုးသမီး မီတာ ၅၀၀ ပြိုင်ပွဲများတွင်လည်း ဆက်လက် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## “ ဟာသမြို့တော် ” ရယ်စရာ တစ်ခန်းရပ် အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် အောက်တိုဘာ ၄**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ “ဟာသမြို့တော်” ရယ်စရာ တစ်ခန်းရပ်အစီအစဉ်ကို မြန်မာ့အသံ နှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိရာ ယခုအပတ်တွင် “လူမှန်နေရာမှန်” ခေါင်းစဉ်ဖြင့် တင်ဆက်မည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို ဟားစတိုင်လ် လူရွှင်တော်အဖွဲ့မှ စတားကောင်းထက် စီစဉ်ပြီး စတားကောင်းထက်၊ ကောင်းမွန်၊ ဘာမီတွန်၊ ကောင်းဆက်၊ ဦးတိမ်ညွန့်၊ ဦးရာကျော်၊ ဦးရွှေခဲ၊ မတူး၊ ကြူကြူသင်းနှင့် ဟာသပညာရှင်များ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ရာ ယင်းအစီအစဉ်ကို MRTV–HD Channel မှ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက် စနေနေ့ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး အောက်တိုဘာ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း (Replay) ထပ်မံထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## Airport of Thailand မှ လေယာဉ်မီးငြှိမ်းသတ် ကယ်ဆယ်ရေး အဆင့်မြင့်သင်တန်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လာရောက်ပို့ချ

**ရန်ကုန် အောက်တိုဘာ ၄**

Airport of Thailand (AOT) မှ လေယာဉ်မီးငြှိမ်းသတ် ကယ်ဆယ်ရေး အဆင့်မြင့်သင်တန်းကို ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ငါးရက်ကြာ လာရောက်ပို့ချ ပေးခဲ့ကြောင်း YACL က အောက်တိုဘာ ၄ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။




**အဆင့်မြင့်သင်တန်းကို ပို့ချ**

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်အား စီမံခန့်ခွဲဝန်ဆောင်မှုပေးလျက်ရှိသော Yangon Aerodrome Company Limited (YACL) သည် ၎င်း၏ လေဆိပ်ဝန်ဆောင်မှုအသုံးပြုသူ ခရီးသည်များနှင့် မိတ်ဖက်လုပ်ငန်းများ၏ ဘေးအန္တရာယ်ကင်းရှင်း လုံခြုံရေးအတွက် ချမှတ်ထားသော စံသတ်မှတ်ချက်၊ ကတိကဝတ်များ၏ တစ်စိတ်တစ်ပိုင်း အနေဖြင့် Airport of Thailand (AOT) မှ နည်းပြများက (Aircraft Fire Fighting Rescue Course) လေယာဉ်မီးငြှိမ်းသတ် ကယ်ဆယ်ရေး အဆင့်မြင့်သင်တန်းကို ပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“ယခုသင်တန်း ပြီးမြောက်မှုမှ တစ်ဆင့် ARFF Team ရဲ့ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးကို မြှင့်တင်ပေးနိုင်မှာဖြစ်ပြီး မတူညီတဲ့ အရေးပေါ်အခြေအနေအမျိုးမျိုးကို ပိုမိုထိရောက်တဲ့ ဖြေရှင်းချက်စံနှုန်းတွေနဲ့ ကိုင်တွယ်ဖြေရှင်းသွားနိုင်မယ်လို့ ယုံကြည်ပါတယ်”ဟု YACL ၏ Chief Operating Officer ဖြစ်သူ Mr. Pedro Cavem က ပြောကြားခဲ့ပါတယ်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချပေးခဲ့ပြီး ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်တို့မှ ဝန်ထမ်း ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**လေ့ကျင့်ပို့ချပေးခဲ့**

အဆိုပါ သင်တန်းတွင် အရေးပေါ် အခြေအနေများအပေါ် တုံ့ပြန်ဆောင်ရွက်နိုင်မှု စွမ်းဆောင်ရည်ကို မြှင့်တင်ရန် မရှိမဖြစ်လိုအပ်သော အကြောင်းအရာများစွာပါဝင်ခဲ့ပြီး ကဏ္ဍ ၁၁ ခုကို လေ့ကျင့်ပို့ချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၄**

ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။ မိုး/ဇလ

✪ ကျောဖုံးမှ

မီရက်တို့က သွင်းယူပေးခဲ့ကာ နာပိုလီအတွက် သွင်းဂိုးနှစ်ဂိုးကိုတော့ အော့စတီဂတ်နဲ့ ဇီလင်စကီးတို့က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်ဟာ နာပိုလီကို အနိုင်ရခဲ့လို့ နှစ်ပွဲကစားပြီးချိန်မှာ ရမှတ်ခြောက်မှတ်နဲ့ ဇယားထိပ်မှာ ဦးဆောင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းကလည်း ကိုပင်ဟေဂင်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာကြောင့် ချန်ပီယံလိဂ်အုပ်စုအဆင့်နှစ်ပွဲစလုံး နိုင်ပွဲရရှိမှုနဲ့အတူ ရမှတ်ခြောက်မှတ်ရရှိခဲ့ကာ အုပ်စုထိပ်ဆုံးမှာ ရပ်တည်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

အင်္ဂလန်ကလပ်အသင်းတွေထဲက မန်ယူအသင်းကတော့ ဂါလာတာစာရေးအသင်းကို အိမ်ကွင်းအိုးထရက်ဖို့ဒ်မှာ ဧည့်ခံကစားခဲ့ပြီး သုံးဂိုး–နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တဲ့အပြင် ပွဲကစားချိန် ၇၇ မိနစ်မှာ ကွင်းလယ်ကစားသမား ကတ်စမဲရိုး နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရတာဖြစ်ပါတယ်။

မန်ယူအသင်းဟာ နှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံးရှုံးပွဲကြုံခဲ့ရတာကြောင့် ရမှတ်တစ်မှတ်မှ မရရှိသေးဘဲ အုပ်စုအဆင့်အောက်ဆုံးမှာ ရပ်တည်နေတာဖြစ်ပါတယ်။ လန်းစ်အသင်းနဲ့ အာဆင်နယ်အသင်းတို့ ပွဲစဉ်မှာတော့ အာဆင်နယ်အသင်းဟာ ပွဲကစားချိန် ၁၄ မိနစ်မှာ ဂါဘရီယယ်ဂျီးဆပ်ရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် သောမက်ဆင်နဲ့ ဝါဟီတို့ရဲ့သွင်းဂိုးတွေခွင့်ပြုပေးလိုက်ရလို့ လန်းစ်အသင်းကို နှစ်ဂိုး–တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ နှစ်ပွဲကစားပြီးချိန်မှာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ထားတာကြောင့် ရမှတ်သုံးမှတ်နဲ့ အုပ်စုအဆင့်ဒုတိယနေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ အခြားပွဲစဉ်တွေမှာတော့ အင်တာမီလန်က ဘင်ဖီကာကို တစ်ဂိုး–ဂိုးမရှိ၊ ရီးယဲလ်ဆိုစီဒက်က ဆဲလ်ဘတ်ကို နှစ်ဂိုး–ဂိုးမရှိ၊ စပို့တင်းဘရာဂါက ယူနီယံဘာလင်ကို သုံးဂိုး–နှစ်ဂိုး အသီးသီးအနိုင်ရရှိခဲ့ပြီး ပီအက်စ်ဗွီနဲ့ ဆီဗီလာတို့ပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**

# (၁၀၃)နှစ်မြောက် မြန်မာ့ရုပ်ရှင်ဂုဏ်ပြုအစီအစဉ် တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် အောက်တိုဘာ ၄**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ် ဆန်းသစ်တင်ဆက်မှုအဖြစ် (၁၀၃)နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရုပ်ရှင်ဇာတ်ဝင်တေးများ ဖျော်ဖြေပွဲကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၆ ရက် (သောကြာနေ့) ည ၉ နာရီခန့်တွင် MRTV-HD Channel မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည် ဖြစ်သည်။

**သီဆိုဖျော်ဖြေ**

အဆိုပါ အစီအစဉ်တွင် မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် စိုးအောင်(ကောင်းကင်ပြာ)၊ ရဲထိုက်၊ ဝိုင်းလမင်းအောင်၊ ဈာန်ထူး၊ ထပ်ဆင့်အကယ်ဒမီ ချိုပြုံး၊ စိမ့်နေခြည်၊ ဆောင်းယွန်းစံ၊ ရေဂျီးနား၊ ထွန်းပပအောင်နှင့် မြင့်မြတ်ကျော်တို့က သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး ယင်းအစီအစဉ်ကို အောက်တိုဘာ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

## ဖခင်အမည်မှန်

ပုတာအိုမြို့၊ အထက(ဆန်ဂေါင်)ကျောင်း၊ Grade-12 မှ မောင်နန်ဆိန်ဒီးဆုန်း၏ ဖခင်အမည်မှန်မှာ ဦးနန်ဆိန်နာထာနီ [၁/ပတအ(နိုင်)၀၁၈၂၁၁]ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မိတ္ထီလာမြို့နယ်၊ အထက ရေဝေ ကျောင်း၌ GRADE-9 တွင် ပညာသင်ကြားနေသော မသန့်ဇင်အေး၏ ဖခင် အမည်မှန်မှာ ဦးခင်မောင်သန်း [၉/မထလ(နိုင်)၂၄၃၄၀၄] ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်းနှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၉)၊ Grade-6(A) တန်းမှ မောင်လတောင် (ခ) မောင်ဆိန်နန်လတောင်သည် တစ်ဦးတည်းဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးရှိန်နန်ဂမ်[၁/မကန(နိုင်)၁၀၂၈၅၂] ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၅)၊ Grade-10(Bio) တန်းမှ မောင်ဇော်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးဂျာလ[၁/မကန(နိုင်)၁၀၄၈၂၄]ဖြစ်ပါသည်။

## မိခင်အမည်မှန်

သထုံမြို့နယ်၊ အ.ထ.က(၂)၊ Grade (9) တွင် တက်ရောက်သင်ကြားနေသော ကျောင်းဝင်အမှတ်(၈-၄၃၁၂) မမေသူစံ၏ မိခင်အမည်မှန်မှာ ဒေါ်နန်းချောချောစု[၁၀/မဒန(နိုင်)၀၉၈၇၄၉]ဖြစ်ပါကြောင်း။

**ဒေါ်နန်းချောချောစု**
**[၁၀/မဒန(နိုင်)၀၉၈၇၄၉]**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၇)၊ မြေကွက်အမှတ်(၄၂)၊ မြေအကျယ်အဝန်း (အလျား၄၀ပေxအနံ၆၀ပေ)ရှိ ဦးခင်စိုး(J/RGN-001162)အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိယခုအခေါ် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၇)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၄၂) ဟုခေါ်တွင်သော မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့အား အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ဝယ်ယူထားဆဲကာလတွင် ရောင်းချပိုင်ခွင့်ရှိသူ ဦးမြင့်ကျော်ဦး [၁၂/ပဘတ(နိုင်)၀၁၀၆၁၆]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်ရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်သည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မြလဲ့ဝင်း(LL.B )**
**အထက်တန်းရှေ့နေ(စဉ်–၂၀၉၅၁)**
**အမှတ်–၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၅၁၈၃၃၊ ၀၉–၅၀၉၀၅၅၃**

## ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးမြင့်အေး၊ ဒေါ်ရွှေမြိုင်၊ ဒေါ်မြတ်မြတ်မော်၊ ဒေါ်အေးအေးခိုင်၊ ဒေါ်မြမြစိန်၊ ဦးဇင်မင်းလတ် (ကွယ်လွန်သူ ဦးအေးတင်၏သား)နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ ဦးဖိုးသိန်းလမ်း၊ အမှတ်(၁၆/က)နေ ဒေါ်ငွေးငွေးရီ [၁၂/သလန(နိုင်)၀၂၃၂၇၈]နှင့် ဒေါ်ငွေမြိုင်[၁၂/မဂတ(နိုင်)၀၆၇၅၇၇]တို့၏လွှဲအပ်ညွှန်ကြားချက်အရ–

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်နေ ဦးစိန်ငွေး[၁၂/မဂတ(နိုင်)၀၆၇၂၆၄]နှင့်မိခင်ဒေါ်အုန်းမြိုင်[၁၂/မဂတ(နိုင်)၀၆၇၂၂၀]တို့မှာ ဗုဒ္ဓဘာသာကိုးကွယ်ခဲ့ကြပြီး အသီးသီး ကွယ်လွန်ခဲ့ပြီးဖြစ်ပါသည်။ မိဘနှစ်ပါးကွယ်လွန်ချိန်၌ ၁။ဒေါ်ငွေးငွေးရီ ၂။ဦးမြင့်အေး ၃။ဒေါ်ငွေမြိုင်၄။ဒေါ်ရွှေမြိုင် ၅။ဒေါ်မြတ်မြတ်မော် ၆။ဒေါ်အေးအေးခိုင် ၇။ဒေါ်မြမြစိန်၈။ ဦးကံထွန်း(လူပျိုကြီး၊ ကွယ်လွန်)၉။ဦးဇင်မင်းလတ် (ကွယ်လွန်သူ ဦးအေးတင်၏သား) စသည့် မောင်နှမ(၈)ဦး တို့ကျန်ရစ်ခဲ့ပါသည်။

အထက်ဖော်ပြပါ မောင်နှမ(၈)ဦးအတွက် ကွယ်လွန်သူမိခင်၊ ဖခင်တို့မှကျန်ရစ်ခဲ့သောပစ္စည်းများမှာ–

(၁) ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁C)၊ မြေကွက်အမှတ်–၅အေ၊ မြေကွက်တည်နေရာအမှတ်(၅၁/က)၊ ဗိုလ်မင်းရောင်လမ်း၊ တောင်ညွန့်ကြီးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဦးစိန်ငွေး[၁၂/မဂတ(နိုင်) ၀၆၇၂၆၄]အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂၆x၆၀)ပေအကျယ်ရှိ မြေညီထပ်နှင့်(၅)လွှာတိုက်ခန်း(၂)ခန်း။

(၂) ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၉လမ်း၊ အမှတ်(၁၀)ရှိ (၁၃x၃၈)ပေမြေညီထပ်(ယာ)နှင့်၈–လွှာ(ယာ)တိုက်ခန်း(၂)ခန်းတို့ကျန်ရစ်ခဲ့ပါသည်။ ထိုကျန်ရစ်ပစ္စည်းများအား အထက်ဖော်ပြပါ မောင်နှမ(၈)ဦးကသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။

အထက်ဖော်ပြပါကျန်ရစ်ပစ္စည်းများနှင့်ပတ်သက်၍ မိဘများမကွယ်လွန်မီအချိန်က မည်သည့်သားသမီးကိုမှ တရားဝင်သဘောတူညီချက်ဖြင့် လွှဲပြောင်းပေးအပ်ခဲ့ခြင်း၊ တရားဝင်အမွေခွဲဝေပေးအပ်ခဲ့ခြင်းလုံးဝမရှိခဲ့သလို မည်သူ့ကိုမှလည်းရောင်းချခဲ့ခြင်း၊ မေတ္တာဖြင့်ပေးအပ်ခဲ့ခြင်း၊ လှူဒါန်းခဲ့ခြင်းလုံးဝမရှိခဲ့ပါ။

သို့ဖြစ်ပါ၍ ကွယ်လွန်သူမိဘများကျန်ရစ်ခဲ့သောပစ္စည်းများအား အထက်ဖော်ပြပါ ညီအစ်ကိုမောင်နှမ(၈)ဦး၏ သိရှိသဘောတူညီခြင်းမရှိဘဲ ထိုမောင်နှမ(၈)ဦးထဲက တစ်ဦးဦးကသော်လည်းကောင်း၊ အခြားသူတစ်ဦးဦးကသော်လည်းကောင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ အပေါင်ခံခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ လက်ခံခြင်းနှင့် အမည်ပေါက် ပြောင်းလဲခြင်းများမပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

[(၁၂–၁၁–၂၀၂၁) (၂၉–၆–၂၀၂၂) (၁၉–၁၀–၂၀၂၂)ရက်စွဲပါ ကြေးမုံသတင်းစာတို့တွင်လည်း အများသိစေရန် ထည့်သွင်းကြော်ငြာထားပြီး ဖြစ်ပါသည်။]

**ဒေါ်ငွေးငွေးရီ၊ ဒေါ်ငွေမြိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးအောင်ကိုကို LL.B | ဒေါ်ပိုပိုချစ် LL.B |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၁၈၂) | တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၁၄၀) |

**ရုံး – ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မ၀တ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၄၄၅၀၅၆၃၆၊ ၀၉–၉၄၀၇၂၅၅၈၁**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ ဓာတ်အားလိုင်းများ ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည့် ဓာတ်အားလိုင်းသုံးပစ္စည်းများအား တင်ဒါအမှတ်၊ 38(T)/DPTSC(PSD)/23-24 (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၁၈–၁၀–၂၀၂၃)ရက် (၁၄:၀၀)နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web – Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း–၀၆၇– ၃၄၁၀၂၀၉၊ ၀၆၇– ၃၄၁၀၂၈၂**

## အမည်ပြောင်း

ဝိုင်းမော်မြို့နယ်၊ မိုင်းနားကျေးရွာ၊ အထက(မိုင်းနား)၊ Grade-7(C) တန်းမှ မောင်ခေါင်ဇောင်းအား မောင်လရောင်လွမ်းဒေါင်ဟု လည်းကောင်း၊ ၎င်း၏ဖခင် ဦးဒေါင်ခေါင်အား ဦးခေါင်လွမ်း[၁/ဝမန(နိုင်)၀၁၂၆၆၆]ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၇၊ မြေကွက်အမှတ်–၁၁၈၁/ခ၊ မြေကွက်တည်နေရာအမှတ်–၁၁၈၁/ခ၊ မြဝတီမင်းကြီးလမ်း၊ ၁၀၇ ရပ်ကွက်၊ ဒဂုံတောင်၊ ဦးသောင်းမြင့်[၁၂/တမန(နိုင်)၀၄၀၁၆၀] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးသောင်းမြင့်[၁၂/တမန(နိုင်)၀၄၀၁၆၀]၏ ပဲခူးမြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးအထူးကိုယ်စားလှယ်လွှဲစာအမှတ် –၄၅၅/ ၂၀၂၃(၂–၈–၂၀၂၃)ရရှိသူ ဦးမျိုးလတ်[၁၂/သကတ(နိုင်)၁၄၈၅၆၆]မှ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ အထူးကိုယ်စားလှယ်လွှဲစာ–(၄၅၅/၂၀၂၃)ဖြင့် ကိုယ်စားလှယ်လွှဲသူသက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာအမှတ်–၁၁၈၅/၂၀၂၃ (၇–၈–၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်ရှိ(၂၀၁၂)ခုနှစ် ကထုတ်ယူခဲ့သော ဘဏ်ချေးမြေပုံမူရင်းမှာ မြဝတီဘဏ်၌သော်လည်းကောင်း၊ အခြားဘဏ်၌သော်လည်းကောင်း အာမခံပစ္စည်းအဖြစ်ထားရှိကာ ဘဏ်ငွေချေးယူခဲ့ရခြင်းလုံးဝမရှိဘဲ အထားအသိုမှားယွင်းကာ ပျောက်ဆုံးခဲ့သည်မှာမှန်ကန်ပါကြောင်း၊ နှစ်(၆၀)ဂရန် မူရင်းမှာ လက်ဝယ်ရှိကြောင်း၊ အထက်ပါမြေကွက်အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမှလွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းလုံးဝမရှိပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိကသာ တာဝန်ယူ ဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာ–၃၀၉၈/၂၀၂၃(၂၉–၈–၂၀၂၃) တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူး လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများ ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## “ပျောက်ဆုံးကြောင်းကြေညာခြင်း”

ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းရပ်ကွက်၊ စက်မှုဇုန်(၁)လမ်းနေ အဖ ဦးကျော်လင်း၏သမီးဖြစ်သူ မအေးသန္တာ နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၁၂/မဘန(နိုင်)၁၂၇၅၄၇]ကိုင်ဆောင်ထားသူ၏ Customs Smart Card မှာ ၂၈–၉–၂၀၂၃ ရက်နေ့တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် အသိပေးအပ်ပါသည်။

**မအေးသန္တာ**
**Ph:09-260537648**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၂၆၁)၊ ၂၄၀၀၈/ပေ၊ မြေကွက်တည်နေရာအမှတ်–၂၆၁၊ သုနန္ဒာလမ်း၊ (၄)ရပ်ကွက်၊ ဒေါ်လွှမ် [၁၂/ဥကမ(နိုင်)၁၃၉၃၅၀] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဒေါ်လွှမ်(မိခင်)သည် (၁–၁၂–၁၉၉၉) ရက်နေ့တွင်လည်းကောင်း၊ ဦးမျိုးချစ်(ဖခင်)သည် (၆–၃–၂၀၀၅)ရက်နေ့တွင် လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြသဖြင့် ဒေါ်အေးအေးသန်း [၁၂/ဥကမ(နိုင်)၁၂၄၀၁၀] မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် သမီးတော်စပ်ကြောင်း၊ မိမိမှလွဲ၍ အခြားသောအမွေဆက်ခံခွင့် ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်–၁၂၁၆/၂၀၂၃/၂၁–၇–၂၀၂၃၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဂရန်မူရင်းပယ်ဖျက်ပြီးကြောင်း အများသိစေရန်ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၆၊ မြေကွက်အမှတ် –၂၈၁၊ မြေကွက်တည်နေရာအမှတ်–၂၈၁၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၆ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်(ဦးသောင်းမြင့် NBN-108828)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက်(ဖခင်) ဦးသောင်းမြင့်နှင့် (မိခင်)ဒေါ်ကြည်ကြည်ဝင်းတို့ ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်–၆၉၂၈/၂၀၂၂(၃၁–၈–၂၀၂၂)ဖြင့် ပိုင်ဆိုင်သူ ဦးမျိုးဝင်းမြင့်[၁၀/မဒန(နိုင်)၀၀၁၀၁၈]၊ ဦးသိန်းဝင်းမြင့် [၁၀/မဒန(နိုင်)၀၉၈၇၅၆]တို့မှ ဂရန်မူရင်းမှာ ရေစိုစုတ်ပြဲပျက်စီးသွားသည်မှာမှန်ကန်ကြောင်း ကျမ်းကျိန်လွှာ၊ (၃၀–၈–၂၀၂၂)ရက်စွဲပါ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၆)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ မြို့မရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်–၆၉၂၈/၂၀၂၂ တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား (၂၇–၅–၂၀၂၃)ရက်နေ့ ကြေးမုံသတင်းစာနှင့် (၃၀–၅–၂၀၂၃)ရက်နေ့ မြို့တော်သတင်းစာတို့တွင် ကြော်ငြာခဲ့ရာ ကန့်ကွက်ချက်မရှိသဖြင့် အမှုတွဲအမှတ်–ဒဂမ/ပရ/၆၄/၉၄ အရ (၂၅–၈–၁၉၉၄)ရက်နေ့မှစ၍ ထုတ်ပေးခဲ့သော နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းအား ပယ်ဖျက်ကြောင်းနှင့် ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကျေးဇူးတော်ရှင် ဗုဒ္ဓဂယာဆရာတော်ဘုရားကြီး
## လွန်တော်မူခြင်း (၂)နှစ်ပြည့် ပုညပဏ္ဏာကာရနှင့်
## “ဗုဒ္ဓဂယာဓမ္မဗိမာန်တော် (၅-ထပ်ခွဲ) ကျောင်းလှူတပ်ပူဇော်ပွဲ”

